# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၂၉၆)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၄၆)


**ယနေ့ မိုးလေဝသ**

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများမှ ဆုတ်ခွာ

နေပြည်တော် စက်တင်ဘာ ၁၅

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

မိုး/ဇလ




၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့်ရက်ပြပုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## လူကြိုက်များသည့် ချယ်ရီပန်းပုံပါ YPS Card များ YPS အရောင်းကောင်တာများတွင် ပြန်လည်ဝယ်ယူနိုင်




ရန်ကုန် စက်တင်ဘာ ၁၅

ရန်ကုန်မြို့တွင်း YBS ယာဉ်များ စီးနင်းရာတွင် ယာဉ်စီးခ ပေးချေနိုင်သည့် YPS Card များ အနက် လူကြိုက်များသည့် ချယ်ရီပန်းပုံဖြင့် ထုတ်လုပ်ထားသော YPS Card များကို YPS အရောင်းကောင်တာများ၌ ပြန်လည်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❒


**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့ တွေ့ဆုံဆွေးနွေး**


ပြည်တွင်းသတင်း | စာ ၅


**ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့**


ဆောင်းပါး | စာ ၆


## ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထား

ဖလမ်း စက်တင်ဘာ ၁၅

ချင်းပြည်နယ် ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထားပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်တွင် B2B Satellite Terminal တပ်ဆင်ထားရှိမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှု၊ အဆောက်အအုံ ပြုပြင်ပြီးစီးမှုတို့ကို


*စာမျက်နှာ ၄ ကော်လံ ၂* ✪





**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင်အတူတကွ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**

**❖ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် မှန်ကန်သည့် သတ်မှတ်ဈေးနှုန်းရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များဖြစ်ရန်လို၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာ ပြည်ပပို့ကုန်ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားကြရမည်**

❖ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံတကာ ပြည်ပခရီးစဉ်များ အတွေ့အကြုံများမှတစ်ဆင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတုယူသင့်သည်များကို အတုယူ၍ အကောင်အထည်ဖော်ဆောင်သွားကြရန်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မကြာမီရက်များအတွင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သက်ဝင်ယုံကြည်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများ တူညီမှုရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင်လည်း အခက်အခဲများစွာကို ကြုံတွေ့ကျော်ဖြတ်ခဲ့ကြရကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့်ကြားမှ ဒွိုင်မွိုင်း (Doi Moi) စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒကို နှစ်ပေါင်း ၄၀ ခန့် အကောင်အထည်ဖော်ပြီးနောက် စီးပွားရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းတို့အနေဖြင့် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ထားရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ခေတ်မီစက်မှုလုပ်ငန်းများနှင့် အထက်တန်း-အလယ် အလတ်ဝင်ငွေရှိသော ဖွံ့ဖြိုးဆဲနိုင်ငံ ဖြစ်လာစေရန်နှင့် ၂၀၄၅ ခုနှစ်တွင် ဝင်ငွေမြင့်မားသော ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာစေရန် ရည်မှန်းထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ဗီယက်နမ်ပြည်သူများအနေဖြင့် အခက်အခဲများ၊ ပိတ်ဆို့မှုများကြားမှ နိုင်ငံချစ်စိတ်၊ အမျိုးကိုမြှင့်တင်လိုစိတ်များဖြင့် အမှန်တကယ်ကြိုးပမ်းအားထုတ်အလုပ်လုပ်ခဲ့မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ကို မိမိတို့အနေဖြင့် အတုယူဖွယ်တွေ့မြင်ခဲ့ရကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းနှင့် ကြိုးစားအားထုတ်မှုရှိခြင်းတို့သည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေသည်ကိုတွေ့မြင်ရကြောင်း၊ ယခု မိမိသွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးကို လက်တွေ့ကျကျဖွံ့ဖြိုးတိုးတက်လာနိုင်မည့် ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိကြောင်း။

ဗီယက်နမ်နိုင်ငံကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံသည်လည်း အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့ရပြီး ယခုအခါ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ နိုင်ငံစီးပွားရေးကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ပြီး စပါးစိုက်ပျိုး၍ ပြည်ပသို့တင်ပို့လျက်ရှိသကဲ့သို့ ငရုတ်ကောင်းနှင့် သီဟိုဠ်စေ့များကိုလည်း စီးပွားဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါ ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သမိုင်းဝင် UNESCO စာရင်းဝင် အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အန်ကောဝပ်ဘုရားကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော်သို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ရှေးဟောင်းသမိုင်းဝင်နေရာများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သဖြင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းအတွက် များစွာအကျိုးဖြစ်ထွန်းပြီး နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိခဲ့ရကြောင်း။

ခရီးစဉ်များသွားရောက်ခဲ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံး လုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့် စွမ်းရည်၊ စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံစီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက် နိုင်ငံတည်ဆောက်ရေးတွင် "သမင်မွေးရင်း ကျားစားရင်း" ဆိုသကဲ့သို့ ဖြစ်နေပြီး နိုင်ငံအတွက်ကြီးမားသည့် သမိုင်းသင်ခန်းစာတစ်ခုကဲ့သို့ဖြစ်နေရကြောင်း။

၎င်းတို့ဖျက်ဆီးခဲ့ကြသည့် အခြေခံအဆောက်အအုံများနှင့် ဆုံးရှုံးခဲ့ရသည့် လူသားအရင်းအမြစ်များကို ပြန်လည်တည်ဆောက်မွေးထုတ်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြီးစွာသောထိခိုက်နစ်နာဆုံးရှုံးနေရမှုပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့်တပ်မတော်မှ အမြဲတမ်းတံခါးဖွင့်ဖိတ်ခေါ်ကြိုဆိုလျက်ရှိသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မှုရရှိရေးအတွက်လည်း ဖြစ်နိုင်သည်များကို တောင်းဆိုခြင်း၊ မဖြစ်နိုင်သည်များကို ညှိနှိုင်းခြင်းတို့ဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း၊ ပြည်ပခရီးစဉ်များ သွားရောက်မှုများမှ ရရှိခဲ့သည့် စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့အပါအဝင် နယ်ပယ်ပေါင်းစုံမှတွေ့မြင်လေ့လာသိရှိခဲ့ရသည့် အတွေ့အကြုံကောင်းများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည်များကို အတုယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြေအသုံးချမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ရှိပြီးဖြစ်သည့် မြေသယံဇာတများကို စနစ်တကျဖြင့် အမှန်တကယ် အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်ကြသည့် ပြည်ပနိုင်ငံများ၏ မြေကိုအကျိုးရှိရှိ ထိထိရောက်ရောက် အမှန်တကယ်အသုံးချထားကြသည်များကို အတုယူလေ့လာဆောင်ရွက်ကြရန်လိုကြောင်း၊ ၎င်းတို့၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့ရောင်းချမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အတုယူကြရမည်ဖြစ်ပြီး ကုန်ကြမ်းအတိုင်း ပြည်ပသို့တင်ပို့ရောင်းချခြင်းထက် ပြည်တွင်း၌ပင် ကုန်ချောအဖြစ်ထုတ်လုပ်၍ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချသွားနိုင်ကြရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် မှန်ကန်သည့် သတ်မှတ်ဈေးနှုန်းရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များဖြစ်ရန်လိုကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာ ပြည်ပပို့ကုန်ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်းနေထိုင်သည့် ပြည်သူများ စားသုံးမှုဖူလုံစေရေး လူဦးရေအချိုးအစားနှင့် ကိုက်ညီသည့် မွေးမြူရေးထုတ်ကုန်များကို စီမံချက်များ စနစ်တကျရေးဆွဲပြီး လျာထားစီမံတွက်ချက်မွေးမြူသွားကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းမွန်တိုးတက်လာမှသာ ငွေကြေးလည်ပတ်စီးဆင်းမှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေတိုးတက်ကောင်းမွန်ကာ နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံသို့ရောက်ရှိစဉ် ၎င်းတို့အနေဖြင့် ငရုတ်ကောင်းသီးနှံနှင့် ကော်ဖီသီးနှံကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြပြီး ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေများစွာရရှိနေသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ငရုတ်ကောင်းသီးနှံကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်ဖြစ်၍ ငရုတ်ကောင်းစိုက်ပျိုးရေးမှ နိုင်ငံခြားဝင်ငွေရရှိရေး ဆောင်ရွက်သွားနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် နေကြာနှင့်နှမ်းကိုလည်း များစွာစိုက်ပျိုးကြပြီး အဆိုပါ နေကြာ၊ နှမ်းစိုက်ပျိုးရေးနှင့်အတူ ပျားမွေးမြူခြင်းကို တွဲဖက်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေပိုမိုရရှိလာစေနိုင်မည်ဖြစ်ကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ပတ်သက်၍ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လို**

ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို အစိုးရက ဖန်တီးပေးရမည်ဖြစ်ပြီး အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ကိုင်လိုစိတ်ရှိခြင်းပင်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းရွေးချယ်ခေါ်ယူ ခန့်ထားရေး၌ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လိုပြီး အတန်းပညာအောင်မြင်မှုများအလိုက် သင့်လျော်မှန်ကန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့အတန်းပညာအလိုက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လစာနှုန်းထားများ၊ ရာထူးအဆင့်ဆင့် တိုးမြှင့်နိုင်မှုတို့ မှန်ကန်မှသာ မိဘများအနေဖြင့်လည်း မိမိတို့၏ သားသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် ပတ်သက်၍ ပညာရေးကို အားပေးလာကြမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသည့် စွမ်းရည်နှင့် စွမ်းအားရှိသည့် လူသားအရင်းအမြစ်များ

*စာမျက်နှာ ၄ သို့*

**❒ ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို အစိုးရက ဖန်တီးပေးရမည်ဖြစ်ပြီး အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ကိုင်လိုစိတ်ရှိခြင်းပင်ဖြစ်၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းရွေးချယ်ခေါ်ယူခန့်ထားရေး၌ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လိုပြီး အတန်းပညာ အောင်မြင်မှုများအလိုက် သင့်လျော်မှန်ကန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး ဆောင်ရွက်ပေးကြရန်လို၊ မိမိတို့အတန်းပညာအလိုက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လစာနှုန်းထားများ၊ ရာထူးအဆင့်ဆင့် တိုးမြှင့်နိုင်မှုတို့မှန်ကန်မှသာ မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများအလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် ပတ်သက်၍ ပညာရေးကို အားပေးလာကြမည်**

*စာမျက်နှာ ၃ မှ*

မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပညာရပ်များအလိုက်၊ အရည်အသွေးနှင့် အရည်အချင်းအလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးသွားကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံအတွက် ကဏ္ဍပေါင်းစုံတွင် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်အကျိုးပြုသွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

## ယခုအခါ ကမ္ဘာနှင့်အဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိ၊ အယ်လ်နီညိုနှင့်ပတ်သက်၍လည်း ကြိုတင်သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ထားသည်ကိုတွေ့ရှိရပြီး ဂရုပြုကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လို၊ အပူချိန်လွန်ကဲမှုကြောင့် မြေအောက်ရေလျော့နည်းကျဆင်းမှုများနှင့် ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် လိုအပ်သည့်ရေများကို ကြိုတင်စုဆောင်းထားရှိရန်လို

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အစိုးရဗဟိုပြုသည့် ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ပုဂ္ဂလိကပညာသင်ကြားရေးစနစ်ကိုလည်း မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကျောင်းများ၌ တက်ရောက်လျက်ရှိသည့် ကျောင်းသားကျောင်းသူများသည် လူတန်းစားအလွှာမျိုးစုံမှပါဝင်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးသည့် အတန်းလိုက်ပညာရပ်များကို အမှန်တကယ် တတ်မြောက်ရန် လိုသကဲ့သို့ အထွေထွေဗဟုသုတနှင့် လူမှုဘဝအသိပညာများ တိုးတက်ရေးအတွက်ပါ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ အောင်ချက်ရာခိုင်နှုန်းနှင့် အောင်ချက်မြင့်မားရေးကိုသာ အာရုံစိုက်၍ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ် စာတတ်မြောက်ရေးကို အလေးထားသင်ကြားပေးရန်လိုကြောင်း၊ အစိုးရကျောင်းများတွင် ပညာရေးကိုသာမက ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေးများ အပါအဝင် လောကနီတိကိုပါ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်စေရေးနှင့် ပညာရေးပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ဝိုင်းဝန်းကြပ်မတ်အားပေးဆောင်ရွက်သွားရန်လိုကြောင်း။

အဆင့်မြင့်ပညာသင်ကြားရေးနှင့် ပတ်သက်၍လည်း တက္ကသိုလ်များ၌ သင်ကြားပေးလျက်ရှိသည့် ပညာရပ်များကို အမှန်တကယ် တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ တက္ကသိုလ်များသည် လေ့လာမှုဖြင့် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ပညာသင်ယူချိန်တွင် သတ်မှတ်ထားသည့် ပညာသင်နှစ်များအလိုက် သင်ကြားရမည့် သင်ခန်းစာများနှင့် စစ်ဆေးရမည့် စာမေးပွဲများ၊ သုတေသနနှင့် စာတမ်းများကို သတ်မှတ်ချက်များအတိုင်း စနစ်တကျဖြင့် ဆောင်ရွက်မှုရှိ/မရှိ တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အဆင့်မြင့်ပညာသင်ကြားမှုများတွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်စစ်ဆေး ဆောင်ရွက်နေရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် သက်ဆိုင်ရာပညာရပ်များကို အမှန်တကယ် တတ်မြောက်အောင် သင်ကြားသင်ယူရန် လိုအပ်သကဲ့သို့ ဗဟုသုတများရရှိစေမည့် မိမိတို့၏အသက်အရွယ်နှင့် ကိုက်ညီသော စာအုပ်၊ စာစောင်များကိုလည်း စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအတွက် လိုအပ်သည့် စာကြည့်တိုက်၊ ဗဟုသုတစာအုပ်၊ စာစောင်များအပါအဝင် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ နှစ်စဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများကိုလည်း မူဝါဒနှင့်အညီ အားပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ယူကြရသည့် အစိုးရပညာသင်ကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ကျန်းမာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံ စသည်ဖြင့် ဆေးရုံများအလိုက် လိုအပ်သည့်ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများ ပြည့်စုံမှုရှိစေရေး လူသားအရင်းအမြစ်များ နှစ်စဉ်လျာထားစီမံလေ့ကျင့် မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှုအဆောက်အအုံနှင့် လိုအပ်သည်များကိုလည်း နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် သက်ဆိုင်ရာရာထူးတာဝန်များ အသီးသီးခန့်အပ်တာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့် တာဝန်ရှိသူများကို အတွေ့အကြုံနှင့် လုပ်သက်အရ ရွေးချယ်တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိရောက်သည့်စီမံအုပ်ချုပ်ကွပ်ကဲမှုဖြစ်စေရေး ခရိုင်ဗဟိုပြုအုပ်ချုပ်ရေးစနစ်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဆောက်လုပ်ရေး၊ တရားရေးနှင့် ဥပဒေစသည်ဖြင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ခရိုင်အဆင့်မှ စနစ်တကျ တာဝန်ယူဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုအခါ ကမ္ဘာနှင့်အဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အယ်လ်နီညိုနှင့်ပတ်သက်၍လည်း ကြိုတင်သတိပေးထုတ်ပြန်ချက်များ ထုတ်ပြန်ထားသည်ကိုတွေ့ရှိရပြီး ဂရုပြုကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အပူချိန်လွန်ကဲမှုကြောင့် မြေအောက်ရေလျော့နည်းကျဆင်းမှုများနှင့် ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် လိုအပ်သည့်ရေများကို ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း၊ လိုအပ်ပါက မြစ်ချောင်းများတွင် မြေအောက်တမံများပြုလုပ်ပြီး မြေအောက်ရေကို ထိန်းသိမ်းသွားကြရန်နှင့် ကြိုတင်ပြင်ဆင်၍ရသည်များကို ယခုကတည်းက စနစ်တကျဖြင့် စဉ်းစားပြင်ဆင် ဆောင်ရွက်ထားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကြီးမားနေဆဲဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားကဏ္ဍနှင့်ပတ်သက်၍ "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဆိုသည့် မူဝါဒနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ်ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ အားကစားကဏ္ဍမြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီ ဒီဇင်ဘာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ရှိပြီးဖြစ်သည့် အားကစားကွင်းများကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျပြင်ဆင်ထိန်းသိမ်း အသုံးပြုဆောင်ရွက်သွားကြရန်လိုကြောင်း။

အချုပ်အားဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်အသုံးပြုသွားနိုင်ရန်လည်း လိုအပ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးကအတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံတော်ကြီး မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*❐ ရှေ့ဖုံးမှ*

အဆိုပါ ချယ်ရီပန်းပုံ YPS Card များသည် အသုံးပြုရလွယ်ကူသည့်အပြင် ဒီဇိုင်းလှပသောကြောင့် ကိုယ်တိုင်အသုံးပြုရန်အတွက်သာမက လက်ဆောင်အဖြစ် ပေးအပ်ရန်အတွက်ပါ အသုံးဝင်သည့် ကတ်များဖြစ်ပြီး YPS Card များကို ဆူး လေ၊ သခင်မြပန်းခြံ၊ မြန်မာပလာဇာ၊ လှည်းတန်း၊ ၈ မိုင် (Junction 8 အရှေ့)၊ ပန်းဆိုးတန်း၊ သမိုင်းနှင့် မြေနီကုန်းတို့ရှိ YPS အရောင်းကောင်တာများတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

လက်ရှိတွင်လည်း YBS စီးနင်းရာတွင် ယာဉ်စီးခပေးချေရန် YPS ကတ်သုံးစွဲသူ ၅ သိန်းခန့်ရှိလာပြီး YPS Card အသုံးပြုခြင်းဖြင့် YBS ယာဉ်များ စီးနင်းရာတွင် ယာဉ်စီးခအတွက် ငွေအကြွေရှာဖွေရသည့် အခက်အခဲများကို လျှော့ချနိုင်မည်ဖြစ်သည်။ သိရှိလိုသူများအနေဖြင့် YPS Call Center ဖုန်းနံပါတ် ၀၉ ၇၇၂ ၆၆၆ ၆၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ MT

---

*❂ ရှေ့ဖုံးမှ*

ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ပြည်နယ်သယံဇာတဝန်ကြီး၊ ပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ရုံးအဆောက်အအုံ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံ၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် အရာရှိနေအိမ်များ တစ်စိတ်တစ်ပိုင်း ပြုပြင်နေမှု၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တစ်စိတ်တစ်ပိုင်း ပြုပြင်ပြီးစီးမှုနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော် အေးချမ်းစွာ ပညာသင်ကြားနေမှု၊ ပြည်သူများ အပန်းဖြေလည်ပတ်နိုင်ရန် လွတ်လပ်ရေးကျောက်တိုင်နှင့် View Point ပြုပြင်ဆောင်ရွက်နိုင်ရေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးအဆောက်အအုံများနှင့် အိမ်ရာများ ပြုပြင်နေမှု၊ ခရိုင်တိုင်းရင်းဆေးကုဌာနရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှု၊ ဖလမ်းမြို့မရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် အိမ်ရာများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရုံးပြုပြင်နေမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဒေသခံကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

အကြမ်းဖက် ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် ဖလမ်းခရိုင် ဌာနဆိုင်ရာ အဆောက်အအုံ ၂၀၈ လုံးကို ဒုတိယဝန်ကြီးများ ဦးဆောင်ပြီး ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဒေသခံကုမ္ပဏီ ၁၂၁ ခုတို့က ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

ရတနာသစ်တော၊ ပြည့်သွေးကြော။သစ်တောရတနာ၊ ထိန်းသိမ်းပါ

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စဝ်အောင်တိန်းနှင့် စဝ်လံတိုင်း၊ ဗဟိုဦးစီးကော်မတီဝင်များဖြစ်ကြသည့် စဝ်စိုင်းဟန်၊ စဝ်ယွက်ခမ်း၊ စဝ်စိုင်းလျဲန်း၊ နန်းမိုးမိုးစောနှင့် ဗဟိုကော်မတီဝင် နန်းဟန်လောဝ်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်**(အပေါ်ယာပုံ)**က ပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အဓိကလိုအပ်ချက်မှာစီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးဖော်ဆောင်ရန်မှာလည်း ငြိမ်းချမ်းရေးသည် အဓိကဖြစ်ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို ကြိုတင်ကန့်သတ်ချက်များ မထားဘဲ တစ်ပြေးညီဖိတ်ခေါ်ခဲ့ပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း၊ ဆက်လက်ပြီးလည်း ဆွေးနွေးညှိနှိုင်းမှုများအား စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်သဘောတူညီခဲ့သည့် အပိုင်းများကို လိုက်နာဆောင်ရွက်ပြီး ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးပေးစေလိုကြောင်း၊ ယခင်ချုပ်ဆိုခဲ့သော စာချုပ်များကို လေးစားလိုက်နာပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်ထိတွေ့ပြီး ရှေ့ဆက်နိုင်မည်ဖြစ်၍ နည်းလမ်းမျိုးစုံနှင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း၊ နှစ်ဖက်အပြန်အလှန် ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ယုံကြည်မှုလည်း တိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက အစိုးရသစ်ဖွဲ့ပြီးနောက်ပိုင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေး ရည်ရွယ်ပြီး ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် တရားဝင်ဖိတ်ခေါ်ခြင်းအား ကြိုဆိုပါကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံမှုများသည် ဆွေးနွေးခြင်းလုပ်ငန်းစဉ်တိုးတက်မှုကို ပြသရာရောက်ခြင်းဖြစ်သကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းကို အလေးထားခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် ယုံကြည်မှုသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်သူများနေရပ်ပြန်လာစေရေးနှင့် ပြန်လည်ထူထောင်ရေးအစီအမံများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေကြောင်း၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးတို့အား ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲမှ ရလဒ်ကောင်းများရမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့် ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ဒေသခံပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားနှင့် ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်ဖက် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယုံကြည်မှုပြန်လည်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးတို့အတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းအားလက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျောက်မဲမြို့နယ် ပုံဝိုးတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်၍ ဆေးကုသပေးလျက်ရှိ

**ကျောက်မဲ စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပုံဝိုးကျေးရွာအုပ်စုရှိ



ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာ ပြန်လည်ခံယူနိုင်စေရန်အတွက် ယခင်အခြေအနေအရ ယာယီပိတ်ထားခဲ့ရသည့် ပုံဝိုးတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်၍ ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသမှုများ ပြန်လည်ဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်၊ ပြည်နယ်ကုသရေးဦးစီးဌာန (ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုး) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဟန်နိုင်စိုး၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာ မျိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပြည်သူများ အပန်းဖြေအနားယူနိုင်ရေးနှင့် သန့်ရှင်းသာယာရေး မြေသားမိုးရေစုရေကန်များအား အဆင့်မြှင့်တင်

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ မြေသားမိုးရေစုကန်များ သန့်ရှင်းသာယာမှုရှိစေရေးနှင့် ပြည်သူများအတွက် အပန်းဖြေနေရာများဖြစ်စေရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး ကန်၊ စိုက်ပျိုးရေးကန်၊ ကမာကသွယ်ကန်၊ ဘုရင့်နောင်ကန်နှင့် ကမာကဆစ်ဈေးကန် (၁)၊ (၂)တို့အား သန့်ရှင်းသာယာမှုရှိစေရေး၊ ကန်ဝန်းကျင် စိမ်းလန်းစိုပြည်မှုရှိစေရေးအတွက် အရိပ်ရပင်များ၊ ပန်းအလှပင်များစိုက်ပျိုးရန်၊ ပြည်သူများ ကျန်းမာရေးအတွက် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်နိုင်ရန်အတွက် ကန်ပတ်လမ်းများ ကောင်းမွန်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

## “ဝ” အထူးဒေသ မန်မန်းဆိုင်မြို့၌ ကျန်းမာရေးစောင့်ရှောက်ပေးအပ်

**ပန်ဆန်း စက်တင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ” အထူးဒေသ ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအောက်ရှိ မန်မန်းဆိုင်မြို့၌ ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန “ဝ” ကျန်းမာရေးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်း၍ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးခဲ့သည်။

ထို့ပြင် အသက် ငါးနှစ်အောက်ကလေး ၉၆ ဦးကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း**(ယာပုံ)**၊ ကလေး ၁၂၈ ဦးကို ဗီတာမင်အေ တိုက်ကျွေးပေးခြင်း၊ ဒေသခံပြည်သူ ၂၃၄ ဦးကို ကျန်းမာရေးအသိပညာပေးပြီး ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်း၊ အိပ်(ချ်)အိုင်ဗွီ/ ကာလသား ရောဂါ၊ အသည်းရောင်အသားဝါ ဘီ/စီ ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါရှိ/မရှိ သွေးစစ်ဆေးပေးခြင်းနှင့် တီဘီရောဂါရှိ/မရှိ ဓာတ်မှန်ရိုက်စစ်ဆေး၍ လိုအပ်သောကုသပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ ပြည်လည်းလှ။

ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဆောင်းပါး

# ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

နေစကြဝဠာအတွင်းရှိ နေရောင်ခြည်စွမ်းအင်တွင် ပါဝင်နေသော ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိသည့် ခရမ်းလွန်ရောင်ခြည်များ တိုက်ရိုက်ထိတွေ့ခံစားရပါက သက်ရှိများကို ဘေးဥပဒ်ဖြစ်စေနိုင်ပါသည်။ သို့ရာတွင် နေရောင်ခြည်ဖြတ်သန်းလမ်းကြောင်း၌ လေထု ဒုတိယအလွှာတွင် သဘာဝအလျောက်တည်ရှိသည့် အိုဇုန်းလွှာသည် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများ ရှင်သန်နေထိုင်နိုင်ရန် ကမ္ဘာ့လေထုရှိ သဘာဝတံတိုင်းကြီးအဖြစ် တည်ရှိနေပါသည်။

အခြားတစ်ဖက်တွင်လည်း လူသားများ ဖန်တီးထုတ်လွှတ်မှုကြောင့် အိုဇုန်းလွှာပျက်စီးစေသည့် ဓာတ်ငွေ့များကြောင့် သဘာဝတံတိုင်းကြီးသည် ပါးလွှာလာပြီး လူသားများ၏အရေပြားနှင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို ဖြစ်စေရုံသာမက ကမ္ဘာကြီးပူနွေးမှုကိုပါ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးသည် လက်ရှိနှင့် အနာဂတ်မျိုးဆက်များ၏ ကျန်းမာသော ပတ်ဝန်းကျင်နှင့် အေးမြသောကမ္ဘာမြေကို ဖော်ဆောင်နိုင်ရေးအတွက် အားလုံးပါဝင်ဆောင်ရွက်ရမည့်တာဝန်ပင် ဖြစ်ပါသည်။

**ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့**

နှစ်စဉ် စက်တင်ဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day) ဖြစ်ပါသည်။ အိုဇုန်းလွှာထိခိုက်ပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ကို အတည်ပြုခဲ့သည့် ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၄၉) ကြိမ်မြောက် အစည်းအဝေးတွင် စက်တင်ဘာလ ၁၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Ozone Day) အဖြစ် သတ်မှတ်ခဲ့ပါသည်။

၁၉၉၅ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ပြောင်းလဲသတ်မှတ်၍ ကျင်းပခဲ့ကြသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်အဖြစ် "ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" (Global Action for A Cooler Planet) ကို သတ်မှတ်ထားပါသည်။ ယခုနှစ်ဆောင်ပုဒ်သည် အိုဇုန်းလွှာထိန်းသိမ်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် လက်မှတ်ရေးထိုးခြင်း နှစ် (၄၀) ပြည့်မြောက်ခြင်းနှင့် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်၏ပဉ္စမမြောက် ပြင်ဆင်ချက်ဖြစ်သော ကီဂါလီပြင်ဆင်ချက် လက်ခံကျင့်သုံးခြင်း (၁၀)နှစ်မြောက်ခြင်း၊ အိုဇုန်းလွှာထိန်းသိမ်းရေးကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း စသည့် အောင်မြင်မှုများကို ဂုဏ်ပြုထားပါသည်။

ယင်းဆောင်ရွက်မှုများသည် တစ်ဦးတစ်ယောက်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကမ္ဘာလုံးဆောင်ရွက်မှုဖြစ်သဖြင့် ပိုမိုအေးမြသော ကမ္ဘာကြီးကို ပိုင်ဆိုင်နိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်သဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အစားထိုး အအေးပေးဒြပ်ပစ္စည်းများကို ပြောင်းလဲအသုံးပြုခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချနိုင်ရန်၊ အိုဇုန်းလွှာပျက်စီးမှုမရှိသော်လည်း ကမ္ဘာ့ပူနွေးမှု အလားအလာမြင့်မားသော အအေးပေးဒြပ်ပစ္စည်းများ အသုံးပြုမှုကို သတ်မှတ်ကာလများအတွင်း အဆင့်ဆင့် လျှော့ချဆောင်ရွက်သွားရန်နှင့် စွမ်းအင်အသုံးပြုမှုအကျိုးရှိထိရောက်သော အအေးပေးစနစ်ဆိုင်ရာ နည်းပညာများကို ပြောင်းလဲအသုံးပြုပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချရန်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားပါသည်။

> **" ကျွန်ုပ်တို့အနေဖြင့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ သုံးစွဲလျှော့ချ ထိန်းချုပ်ခြင်းကို အရှိန်အဟုန်မပျက် ဆောင်ရွက်ခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဝေးတော့သည့်အနာဂတ်တွင် အိုဇုန်းလွှာ၏ အကာအကွယ်ကို ကောင်းစွာရရှိနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေခဲသေတ္တာ၊ လေအေးပေးစက်ကဲ့သို့သော အိမ်သုံးပစ္စည်းအသစ်များကို ဝယ်ယူသည့်အခါ ယင်းတွင် "အိုဇုန်းကို အန္တရာယ်မပြုသော" "ozone friendly" (သို့) HCFC ကင်းလွတ် "HCFC free" (သို့) စွမ်းအင်ချွေတာမှု စသည့်အမှတ်အသားများ ပါ/မပါ ကြည့်ရှုပြီး ဝယ်ယူရန်လိုအပ် "**

**အိုဇုန်းဓာတ်ငွေ့**

အိုဇုန်းသည် လေထုအတွင်းတွင် သဘာဝအလျောက်တည်ရှိသည့် ဓာတ်ငွေ့ဖြစ်ပြီး အိုဇုန်းမော်လီကျူးတစ်ခုစီတွင် အောက်ဆီဂျင်အက်တမ်သုံးလုံးပါဝင်သောကြောင့် ဓာတုဗေဒအနေဖြင့် $O_3$ အဖြစ် သတ်မှတ်ပါသည်။ အိုဇုန်းဟူသောစကားလုံးတွင် ဂရိစကားလုံးဖြင့် "အနံ့" ဟု အဓိပ္ပာယ်ရသည့် စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပြီး စူးရှသောအနံ့ရှိပါသည်။ အိုဇုန်းမော်လီကျူး (၉၀ ရာခိုင်နှုန်းခန့်)ကို ကမ္ဘာ့မျက်နှာပြင်အထက် ၁၀-၁၅ ကီလိုမီတာမှ ၅၀ ကီလိုမီတာအထိ ကျယ်ပြန့်သော စတရာတိုစဖီးယားအလွှာတွင် တွေ့ရှိရပါသည်။ ယင်းအိုဇုန်းမော်လီကျူးများ အများဆုံးတည်ရှိသည့် ကမ္ဘာ့မျက်နှာပြင် အထက်အမြင့် ၁၅ ကီလိုမီတာမှ ၃၅ ကီလိုမီတာအကြားရှိ စထရာတိုစဖီးယားအလွှာရှိ လေထုကို "အိုဇုန်းလွှာ" ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

အိုဇုန်းလွှာသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိအားလုံးကို နေမှလာသော အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည် (UV Rays) များမှ ကာကွယ်ပေးသည့် သဘာဝဒိုင်းအလွှာတစ်ခု ဖြစ်ပါသည်။ အိုဇုန်းလွှာပျက်စီးယိုယွင်းလာပါက လူသားများတွင် အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲခြင်းနှင့် ကိုယ်ခံအားစနစ်လျော့နည်းလာခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် ဂေဟစနစ်များနှင့် စိုက်ပျိုးရေးကဏ္ဍကိုပါ ပြင်းထန်စွာ ထိခိုက်စေနိုင်ပါသည်။

**အိုဇုန်းလွှာပျက်စီးခြင်း (သို့) အိုဇုန်းလွှာအပေါက်**

အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ အသုံးမပြုမီကပင် အိုဇုန်းလွှာရှိ ပုံမှန်အိုဇုန်း ပါဝင်မှုပမာဏသည် ပင်လယ်ရေမျက်နှာပြင်အထက် တည်ရှိမှု၊ အမြင့်၊ တည်နေရာ လတ္တီကျူ၊ ရာသီဥတု၊ လေကြောင်းပြောင်းလဲမှုနှင့် အခြားသဘာဝအချက်များအရ ကွဲပြားပါသည်။ အန္တာတိက နေရာများစွာတွင် နွေဦးရာသီ၏ အိုဇုန်းပမာဏသည် ၁၉၇၀ ပြည့်လွန်နှစ်များ၏ အလယ်ပိုင်းမှစ၍ တဖြည်းဖြည်းကျဆင်းသွားကြောင်း သိပ္ပံပညာရှင်များက ၁၉၈၅ ခုနှစ်တွင် တွေ့ရှိခဲ့ကြပါသည်။ အိုဇုန်းလွှာ၏အထူသည် ပုံမှန် ၃၀၀ ဒေါ့ဘ်ဆန်ယူနစ်ရှိရမည့်အစား ၁၉၈၁-၁၉၈၂ ခုနှစ်တွင် ၂၂၀ ဒေါ့ဘ်ဆန်ယူနစ်အောက်သာရှိကြောင်း တွေ့ရှိရပြီး အန္တာတိကတိုက်အပေါ်ရှိ အိုဇုန်းလွှာပါးလွှာမှုကို ပထမဆုံး အိုဇုန်းအပေါက်ဟု သတိပြုမိခဲ့ကြပါသည်။

လေထုအတွင်း ကလိုရိုဖလူရိုကာဗွန် (CFCs) ပါဝင်မှုမြင့်မားလာခြင်းသည် အိုဇုန်းလွှာပျက်စီးစေသည့် အဓိကအချက်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်သတ်မှတ်ခဲ့ကြပြီး နာဆာမှ သိပ္ပံပညာရှင်များက ဂြိုဟ်တုအချက်အလက်များကို အသုံးပြု၍ အန္တာတိကတိုက်၏ နေရာအများစုကို ဖုံးလွှမ်းထားသော အိုဇုန်းလွှာပျက်စီးမှု (အိုဇုန်းအပေါက်) ကို အတည်ပြုခဲ့ကြပါသည်။ သိပ္ပံဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် ကဏ္ဍအသီးသီးပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများက ကမ္ဘာ့အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းကာကွယ်နိုင်ရန် ဗီယင်နာကွန်ဗင်းရှင်းနှင့် ကလိုရိုဖလူရိုကာဗွန်နှင့် အိုဇုန်းလွှာပျက်စီးစေသည့် အခြားဒြပ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲခြင်းကို ထိန်းချုပ်ဆောင်ရွက်နိုင်ရန် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်ကို ပေါ်ပေါက်လာစေခဲ့ပါသည်။

**အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ပြင်ဆင်ချက်များ**

အိုဇုန်းလွှာပျက်စီးမှုနှင့် အကျိုးဆက်များဖြစ်သည့် လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကို ထိန်းချုပ်ရန် ၁၉၈၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံအချို့နှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်တို့ ဦးဆောင်ပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (The Vienna Convention for the Protection of the Ozone layer)ကို ချမှတ်နိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် (The Montreal Protocol on Substances that Deplete the Ozone Layer)ကို ထပ်မံချုပ်ဆိုနိုင်ခဲ့ပါသည်။

ဆက်လက်၍ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းအသစ်များကို ထပ်မံတွေ့ရှိလာရသည့်အတွက် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ ပြင်ဆင်ချက်များဖြစ်သည့် ၁၉၉၀ ပြည့်နှစ် လန်ဒန်ပြင်ဆင်ချက် (London Amendment)၊ ၁၉၉၂ ခုနှစ် ကိုပင်ဟေဂင်ပြင်ဆင်ချက် (Copenhagen Amendment)၊ ၁၉၉၇ ခုနှစ် မွန်ထရီရယ်ပြင်ဆင်ချက် (Montreal Amendment)၊ ၁၉၉၉ ခုနှစ် ပေကျင်းပြင်ဆင်ချက် (Beijing Amendment)နှင့် ၂၀၁၆ ခုနှစ် ကီဂါလီပြင်ဆင်ချက် (Kigali Amendment) ဟူ၍ ငါးကြိမ်တိုင်တိုင် ထပ်မံပြင်ဆင်ကာ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများထုတ်လုပ်မှုနှင့် သုံးစွဲမှုများကို ကန့်သတ်ထိန်းချုပ် ဆောင်ရွက်လျက်ရှိပါသည်။

မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်အရ အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများအဖြစ် ကလိုရိုဖလူရိုကာဗွန်နှင့် ဟေလွန်အမျိုးအစားဒြပ်ပစ္စည်းရှစ်မျိုးတို့ကို စတင်ထိန်းချုပ်၍သုံးစွဲမှုကို အဆင့်ဆင့်လျှော့ချရပ်ဆိုင်းနိုင်ခဲ့ပြီး ကီဂါလီပြင်ဆင်ချက်အရ ကမ္ဘာ့ပူနွေးမှုအလားအလာရှိသော ဟိုက်ဒရိုဖလိုရိုကာဗွန် (HFCs) ဒြပ်ပစ္စည်းများ လျှော့ချရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ အောင်မြင်မှုများ**

အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၈ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားပြီး ကုလသမဂ္ဂဆိုင်ရာ သဘောတူညီချက်များအနက် ကမ္ဘာ့နိုင်ငံအားလုံးက အတည်ပြုလက်မှတ်ရေးထိုးထားသော ပထမဆုံးနိုင်ငံတကာ ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်တစ်ခုဖြစ်ပါသည်။ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်၏ အဓိကအောင်မြင်မှုမှာ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဖြစ်သည့် ကလိုရိုဖလူရိုကာဗွန်များ၊ ဟေလွန်၊ ကာဗွန်တက်ထရာ ကလိုရိုက်နှင့် မီသိန်းကလိုရိုဖောင်းတို့၏ ထုတ်လုပ်မှုနှင့် သုံးစွဲမှုကို အဆင့်ဆင့် ရပ်တန့်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်အကုန်တွင် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်က ထိန်းချုပ်ထားသော အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ၏ ထုတ်လုပ်မှုနှင့်သုံးစွဲမှုကို ၉၈ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့ခြင်းသည် ဤစာချုပ်၏ အောင်မြင်မှုကို ဖော်ပြသည့် အဓိကညွှန်းကိန်းတစ်ခုဖြစ်သည်။

အိုဇုန်းလွှာ ပြန်လည်ကောင်းမွန်လာခြင်းသည်လည်း မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်၏ အရေးပါဆုံး အောင်မြင်မှုတစ်ရပ်ဖြစ်သည်။ သိပ္ပံနည်းကျ လေ့လာစောင့်ကြည့်မှုများအရ အဓိက အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ၏ လေထုအတွင်းပါဝင်မှုသည် သိသိသာသာ လျော့ကျလာပြီး အိုဇုန်းလွှာသည် ပြန်လည်ကောင်းမွန်လာသည့် လက္ခဏာများကို ပြသနေသည်။ လက်ရှိ နိုင်ငံတကာမူဝါဒများကို ဆက်လက်အကောင်အထည်ဖော်နိုင်ပါက အိုဇုန်းလွှာသည် ကမ္ဘာလုံးဆိုင်ရာအနေဖြင့် ၁၉၈၀ ပြည့်နှစ်အဆင့်သို့ ၂၀၄၀ ဝန်းကျင်တွင် ပြန်လည်ရောက်ရှိနိုင်ပြီး အာတိတ်ဒေသနှင့် အန္တာတိကဒေသတို့တွင်မူ ထိုထက်ပိုမိုကြာမြင့်နိုင်မည်ဟု ခန့်မှန်းထားသည်။

မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်၏ အကျိုးကျေးဇူးများသည် အိုဇုန်းလွှာထိန်းသိမ်းရေး တစ်ခုတည်းတွင်သာ မကန့်သတ်ဘဲ ကျန်းမာရေးအတွက်လည်း အလွန်အရေးပါသော အကျိုးကျေးဇူးများ ဖြစ်ပေါ်စေခဲ့သည်။ အိုဇုန်းလွှာပျက်စီးမှုကို လျှော့ချနိုင်ခြင်းကြောင့် ကမ္ဘာ့မျက်နှာပြင်သို့ ရောက်ရှိမည့် ခရမ်းလွန်ရောင်ခြည် *စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|
| | ရာထူး၊ ဌာန |
| ( ၁ ) ဒေါ်အေးသီတာမျိုး | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| ( ၂ ) ဦးသက်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| ( ၃ ) ဦးလှိုင်ဝင်းမောင် | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန<br>ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |

## (၁၅-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၀ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၂,၁၅၅,၇၅၆.၇၃ | ၄,၁၉၉,၇၅၅.၁၁ | ၄,၄၄၉,၃၁၂.၁၇ | - |

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်များအား ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် **"အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

*စာမျက်နှာ ၆ မှ*

(UV-B) ပမာဏကို လျှော့ချနိုင်ပြီး အရေပြားရောဂါများနှင့် မျက်စိတိမ်ဖြစ်ပွားနိုင်ခြေများကို ရေရှည်တွင် လျှော့ချနိုင်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ ပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီ (EPA)၏ ခန့်မှန်းချက်များအရ မွန်ထရီရယ်နောက်ဆက်တွဲ စာချုပ်ကြောင့် အနာဂတ်တွင် လူသားကျန်းမာရေးအတွက် အလွန်ကြီးမားသော အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

ထို့အပြင် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်သည် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက်လည်း အရေးပါသော ပံ့ပိုးမှုပြုလုပ်ခဲ့သည်။ ကလိုရိုဖလူရိုကာဗွန်များနှင့် အခြားအိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာကို ပျက်စီးစေရုံသာမက ကမ္ဘာ့ပူနွေးမှုကို ဖြစ်စေသော အားကောင်းသည့် မှန်လုံအိမ်ဓာတ်ငွေ့များ ဖြစ်ကြသည်။ ထို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို အဆင့်ဆင့်ရပ်တန့်နိုင်ခဲ့ခြင်းသည် မှန်လုံအိမ်ဓာတ်ငွေ့ လျှော့ချခြင်းဖြစ်ပါသည်။ ထိုအချက်ကြောင့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်သည် ကမ္ဘာ့ပူနွေးမှုလျှော့ချရေးတွင် အောင်မြင်သော နိုင်ငံတကာသဘောတူညီချက်တစ်ခုအဖြစ်လည်း သတ်မှတ်နိုင်သည်။

သို့သော် ရာသီဥတုပြောင်းလဲမှုကြောင့် အအေးပေးစနစ်များ၏ လိုအပ်ချက်တိုးလာခြင်း၊ ကမ္ဘာ့ပူနွေးမှုအလားအလာနည်းပါးသော အအေးပေးပစ္စည်းများသို့ ပြောင်းလဲရာတွင် နည်းပညာနှင့် ငွေကြေးအခက်အခဲများ၊ တရားမဝင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ ကုန်သွယ်မှုများနှင့် စောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာ စိန်ခေါ်မှုများကို ဆက်လက်ဖြေရှင်းရန် လိုအပ်သည်။ ထို့ကြောင့် မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်နှင့် ကီဂါလီပြင်ဆင်ချက်တို့ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဘဏ္ဍာရေးနှင့် နည်းပညာပံ့ပိုးမှုများ တိုးမြှင့်ခြင်း၊ စွမ်းအင်အကျိုးရှိထိရောက်ပြီး ရာသီဥတုနှင့် လိုက်လျောညီထွေသော အအေးပေးနည်းပညာများ ဖွံ့ဖြိုးအသုံးပြုခြင်းတို့သည် အနာဂတ် အိုဇုန်းလွှာထိန်းသိမ်းရေးအတွက် အဓိကကျမည်ဖြစ်သည်။

### မြန်မာနိုင်ငံမှ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု

မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများအသုံးပြုမှု ထိန်းချုပ်ခြင်းဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့် နောက်ဆက်တွဲပြင်ဆင်ချက်များအရ ဟိုက်ဒရိုကလိုရို ဖလူရိုကာဗွန် (HCFCs/R22) ဒြပ်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းအသုံးပြုခြင်းအား ၂၀၃၀ ပြည့်နှစ်တွင် အပြီးသတ်နီးပါးလျှော့ချ၍ ၁ ဒသမ ၉၅ မက်ထရစ်တန်ကိုသာ ခွင့်ပြုတော့မည်ဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်တွင် အပြီးသတ်ရပ်ဆိုင်းနိုင်ရန် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၂၅-၄-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၄) ဖြင့် ထုတ်ပြန်ခဲ့ပြီး ဒြပ်ပစ္စည်းများ တင်သွင်းခြင်းကို နှစ်စဉ်ခွဲတမ်းစနစ်၊ လိုင်စင်စနစ်တို့ဖြင့် ကန့်သတ်ထိန်းချုပ် ဆောင်ရွက်လျက်ရှိပါသည်။

ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs/ R22) အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ နှင့် အောက်အင်အားရှိလေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ တားမြစ်သည့်အမိန့်ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကို ထိန်းချုပ်ကာကွယ်နိုင်ရန် အိုဇုန်းလွှာပျက်စီးစေသော အဓိကဒြပ်ပစ္စည်းဖြစ်သည့် HCFC-22/R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ (21000 BTU/hr) နှင့်အထက်စွမ်းအား (Capacity) ရှိသည့် လေအေးပေးစက်နှင့် အကြီးစားစက်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးရေခဲသေတ္တာများ (Commercial Refrigerator)၊ အေးခဲသိုလှောင်ခန်းများ (Cold Storage)၊ အေးခဲစက်များ (Chiller) ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ တားမြစ်သည့် အမိန့်ကြော်ငြာစာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အမိန့်ကြော်ငြာစာအရ HCFC-22/R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFCs) အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ (21000 BTU/hr) နှင့်အထက်စွမ်းအား (Capacity) ရှိသည့် လေအေးပေးစက်နှင့် အကြီးစားစက်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံး ရေခဲသေတ္တာများ၊ အေးခဲသိုလှောင်ခန်းများ၊ အေးခဲစက်များ ပြည်တွင်းသို့ တင်သွင်းမှုတို့အား ကန့်သတ်ထိန်းချုပ် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် ပြင်ဆင်ချက်ဖြစ်သည့် ကီဂါလီပြင်ဆင်ချက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အတည်ပြုစာလွှာကို အိုဇုန်းအတွင်းရေးမှူးရုံးသို့ ပေးပို့ထားရှိပြီး ဖြစ်ပါသည်။

### အိုဇုန်းလွှာထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရန် နည်းလမ်းများ

ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များသည် အိုဇုန်းလွှာ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်ကြည့်ရှုဆောင်ရွက်လျက်ရှိပါသည်။ သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များက ကမ္ဘာမြေနှင့် သဟဇာတဖြစ်စေမည့် ထုတ်ကုန်ပစ္စည်းများအတွက် သုတေသနပြုဖန်တီးနေစဉ်အတွင်း ကျွန်ုပ်တို့အနေဖြင့် အိုဇုန်းလွှာ ထိခိုက်မှုမရှိသည့် သဟဇာတဖြစ်သော ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူခြင်းကဲ့သို့သော မိမိဆောင်ရွက်နိုင်မည့် ကိစ္စများအားလုံးကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရေခဲသေတ္တာနှင့် လေအေးပေးစက်များတွင် အဓိကအသုံးပြုသည့် ဒြပ်ပစ္စည်းများမှာ ကလိုရိုဖလူရိုကာဗွန် CFCs များဖြစ်ပြီး ၎င်းကို မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်အရ အပြီးသတ်တားမြစ်ခဲ့ပြီးဖြစ်၍ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် HFCs နှင့် ဟိုက်ဒရိုဖလူရိုကာဗွန် HFCs တို့ကို အစားထိုးသုံးစွဲခဲ့ကြပါသည်။ ကီဂါလီပြင်ဆင်ချက်အရ ကမ္ဘာ့ပူနွေးမှုအလားအလာနည်းပါးသည့် ဟိုက်ဒရိုဖလူရိုကာဗွန် HFCs (သို့မဟုတ်) အစားထိုး အအေးပေးပစ္စည်းများကို အသုံးပြုရမည်ဖြစ်ပါသည်။ ထိုသို့ အအေးပေးဒြပ်ပစ္စည်းအသစ်များ ပါဝင်သည့် ရေခဲသေတ္တာနှင့် လေအေးပေးစက်များကို သုံးစွဲခြင်းဖြင့် စွမ်းအင်ကိုပါ ပိုမိုထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ပန်းနာရင်ကျပ်ရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများအတွက် အသုံးပြုသည့် ကလိုရိုဖလူရိုကာဗွန်ပါဝင်သည့် ရှူဆေးဘူးများကို အစားထိုးရန်မှာ ကြီးမားသော စိန်ခေါ်မှုဖြစ်သော်လည်း ယခုအခါ ကလိုရိုဖလူရိုကာဗွန်ပါဝင်ခြင်းမရှိသည့် သက်သောင့်သက်သာဖြစ်သော အစားထိုးကုသမှုများကို ကမ္ဘာအနှံ့ရယူနိုင်ပြီဖြစ်၍ ကလိုရိုဖလူရိုကာဗွန်များမပါဝင်သော ပစ္စည်းများကို ဝယ်ယူအသုံးပြုရန် လိုအပ်ပါသည်။

မီးသတ်ဆေးဘူးများတွင် အသုံးပြုသည့် ဟေလွန်ဒြပ်ပစ္စည်းမှာ အိုဇုန်းလွှာပျက်စီးစေသည့် အဓိကပစ္စည်းဖြစ်သောကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ရပ်ဆိုင်းပြီးဖြစ်သော်လည်း အချို့နေရာများတွင် ၂၀၁၀ ပြည့်နှစ်မတိုင်မီက ထုတ်လုပ်ခဲ့သည့် ပစ္စည်းများကို အသုံးပြုနေဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ဟေလွန်မပါဝင်သည့် မီးသတ်ဆေးဘူးများကို ရွေးချယ်အသုံးပြုရန် လိုအပ်ပါသည်။ သီးနှံထုတ်ကုန်များ သင်္ဘောမတင်မီ ပိုးသတ်ခြင်းနှင့် သိုလှောင်ခြင်းတို့တွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းဖြစ်သော မီသိုင်းဘရိုမိုဒ်ကို အသုံးပြုလေ့ရှိပါသည်။ မွန်ထရီရယ် နောက်ဆက်တွဲ စာချုပ်အရ ပိုးမွှားများကို ထိန်းချုပ်နိုင်ရန် မီသိုင်းဘရိုမိုဒ် အစားထိုးနည်းပညာများ ရှိပြီးဖြစ်သော်လည်း ခြွင်းချက်များဖြင့် QPS သင်္ဘောမတင်မီ ပိုးသတ်ခြင်း၊ မိုင်းတိုက်ခြင်း လုပ်ငန်းများတွင် အသုံးပြုနေဆဲဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ သုံးစွဲလျှော့ချထိန်းချုပ်ခြင်းကို အရှိန်အဟုန်မပျက် ဆောင်ရွက်ခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဝေးတော့သည့်အနာဂတ်တွင် အိုဇုန်းလွှာ၏ အကာအကွယ်ကို ကောင်းစွာရရှိနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရေခဲသေတ္တာ၊ လေအေးပေးစက်ကဲ့သို့သော အိမ်သုံးပစ္စည်းအသစ်များကို ဝယ်ယူသည့်အခါ **ယင်းတွင် "အိုဇုန်းကို အန္တရာယ် မပြုသော" "ozone friendly" (သို့) HCFC ကင်းလွတ် "HCFC free" (သို့) စွမ်းအင်ခြိုးခြံချွေတာမှု စသည့် အမှတ်အသားများ ပါ/မပါ ကြည့်ရှုပြီး ဝယ်ယူရန် လိုအပ်ပါသည်။**

သို့ဖြစ်၍ အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်နေရာမှ ပါဝင်ဆောင်ရွက်ကြပါရန် ယခုနှစ်၏ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် **"ကမ္ဘာမြေပိုမိုအေးမြဖို့ အားလုံးပူးပေါင်း ဆောင်ရွက်စို့"** နှင့်အတူ ထပ်မံအသိပေး နှိုးဆော်လိုက်ရပါသည်။ ။

■ ■ ■

# သီတဂူဆရာတော်ကြီးက ရေဘေးနှင့် ကြုံတွေ့ခဲ့သည့် နီပေါနိုင်ငံသားများအား အမေရိကန်ဒေါ်လာ တစ်သောင်းလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၅**

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် သီတဂူဆရာတော်ကြီးသည် နီပေါနိုင်ငံ၌ ရေဘေးနှင့်ကြုံတွေ့ခဲ့သည့် နီပေါနိုင်ငံသားများအတွက် အမေရိကန်ဒေါ်လာတစ်သောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တွင် ကျင်းပခဲ့ပြီး သီတဂူဆရာတော်ကြီးက ၂၀၂၆ ခုနှစ် ဩဂုတ် ၂၆ ရက်က နီပေါနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံ မှုများကြောင့် အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည့် နီပေါနိုင်ငံသားများအား ကူညီထောက်ပံ့နိုင်စေခြင်းအကျိုးငှာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

ယင်းနောက် သီတဂူဆရာတော်ကြီးက အမေရိကန်ဒေါ်လာ တစ်သောင်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးက လက်ခံရယူခဲ့ပြီး သံအမတ်ကြီးက မိတ်ဖက်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအစိုးရ၏ ကရုဏာထား လှူဒါန်းမှုများလည်းရှိပါကြောင်း၊ ယင်းအတွက်လည်းကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ဆရာတော်ကြီးမှလည်း ယခုကဲ့သို့ မေတ္တာကရုဏာထားပြီး စောင့်ရှောက်လှူဒါန်းမှုပြုလုပ်ပေးသည့်အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ပြန်လည်လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၅**

သာသနာရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြီး အဆိုပါသင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ သင်တန်းသား ၂၀ တက်ရောက်သွားမည်ဖြစ်၍ သင်တန်းတွင် ဥပဒေသဘောသဘာဝ၊ စနစ်နှင့်အမျိုးအစားများ၊ ဥပဒေအရင်းအမြစ်များနှင့် ဥပဒေအခြေခံအကြောင်း စသည့် ဘာသာရပ် ၂၁ ခုကို သင်ကြားပို့ချပေးသွားမည် ဖြစ်ပါကြောင်း သိရသည်။



သင်တန်း ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ကို အကောင်အထည်ဖော် ဖွင့်လှစ်ခြင်းဖြစ်သကဲ့သို့ သာသနာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများ ဥပဒေအသိပညာ၊ ဥပဒေဗဟုသုတများ သိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ သင်တန်းသားများ အနေဖြင့် ရသည့်အချိန်တွင် ဥပဒေအသိပညာများ ပြည့်ပြည့်ဝဝရရှိသွားအောင် အလေးထားသင်ယူကြရန်လိုပါကြောင်း၊ သင်တန်းမှရရှိသည့် ဥပဒေပညာရပ်ဗဟုသုတများကို လုပ်ငန်းခွင်နယ်ပယ်၌ အသုံးချနိုင်သည်အထိ ကြိုးစားကြရန်လည်း မှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

**ပုသိမ် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် i Green Development and Engineering Group က အလှူငွေကျပ်သိန်း ၁၃၀၊ ဦးအောင်တင်စိုး + ဒေါ်ချစ်စုဝင်းတို့က အလှူငွေကျပ်သိန်း ၇၀၊ Shwe Wah Nadi Agri–culture Co.,Ltd. က အလှူငွေကျပ်သိန်း ၅၀၀ တို့ကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့တူ ယမန်နေ့နံနက်ပိုင်းကလည်း Supreme Trading Co.,Ltd. က အလှူငွေကျပ် ၁၃၅ သိန်း၊ ဦးထွန်းကြည် + ဒေါ်ဟော်လင်လန့်(ဘက်စုံမွေးမြူရေး) က အလှူငွေကျပ်သိန်း ၃၀ နှင့် ဘဲဥအလုံး ၅၀၀၀၊ မြန်မာပြည်ဖွား တရုတ်မျိုးနွယ် လူမှုကူညီရေးအဖွဲ့က ငွေကျပ် ၂၆၄၆၇၅၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ တာပေါ်လင်မိုးကာများကို ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ရိပ်သာတွင် လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးခရိုင်၌ ကျန်းမာရေးမှူး (၄) သင်တန်းဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၁၅**

၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သည့် ကျန်းမာရေးမှူး (၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာ မြင့်မိုရ်စိုးက တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ခြောက်လကြာ သင်ကြားသွားမည်ဖြစ်သည်။ **အလင်းသစ် (ပြန်/ဆက်)**





ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး) မှ ရဲတပ်ဖွဲ့ဝင်များ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပရာ ရဲအရာရှိ အတတ်သင်ကျောင်း (မန္တလေး)မှ ကျောင်းအုပ်ကြီး ရဲမှူးချုပ် ဟန်ထွန်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ မြို့နယ် (ပြန်/ဆက်)

❒ *ကျောဖုံးမှ*

မဆောင်းနှင်းဖြူ(၁၁)နှစ်သည် တစ်ရွာတည်းနေ ဆရာမဖြစ်သူ၏ နေအိမ်သို့ ကျူရှင်တက်ရန် ထွက်ခွာသွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မိသားစုဝင်များက လိုက်လံရှာဖွေခဲ့ရာ ပန်းတောကျေးရွာလမ်းဘေးရှိ ဝါးရုံပင်အောက်၌ မဆောင်းနှင်းဖြူအား လည်ပင်းတွင်အဝတ်စဖြင့် ချည်နှောင်လျက် သေဆုံးနေသည်ကို တွေ့ရှိခဲ့သဖြင့် ဖခင်ဖြစ်သူ ဦးဝင်းဖြိုးအောင်က ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်အရေးယူပေးပါရန် တာလပေါနယ်မြေရဲစခန်း၌ တိုင်တန်းအမှုဖွင့်ခဲ့သည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မအူပင်မြို့နယ် ပန်းတောကျေးရွာနေ စန်းနိုင်(၅၅)နှစ်အား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ စက်တင်ဘာ ၁၃ ရက် ညနေ ၆ နာရီတွင် ပြစ်မှုကျူးလွန်သူ စန်းနိုင်သည် နေအိမ်ရှေ့တာလမ်းပေါ်၌ ကျူရှင်မှပြန်လာသည့် မဆောင်းနှင်းဖြူအား တွေ့ရှိ၍ ဝတ်ဆင်ထားသည့် နားကွင်းအားဖြုတ်ယူရာ အော်ဟစ်ရုန်းကန်သဖြင့် နားနှစ်ဖက်အား စုံကိုင်လှည့်လိုက်စဉ် မဆောင်းနှင်းဖြူမှာ ဇက်လည်ကာ လဲကျသေဆုံးသွားခဲ့ကြောင်း၊ ထို့နောက် လည်ပင်းအား အဝတ်စဖြင့်ချည်၍ လမ်းဘေးရှိ ဝါးရုံပင်အောက်တွင်ထားရှိပြီး ဝတ်ဆင်ထားသည့် အလေးချိန် ၁ ပဲ၊ ၃ ရွေးခန့်ရှိ ရွှေနားကွင်း တစ်ရန်ကို ဖြုတ်ယူခဲ့ကြောင်းဖော်ထုတ်သိရှိရကာ သက်သေခံပစ္စည်း ရွှေနားကွင်းကို ၎င်း၏နေအိမ်၌ သိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ စန်းနိုင်ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# နောင်ကမြိုင်စံပြကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း ပျက်စီးမိုးစပါးဧရိယာများအတွက် မျိုးစပါးနှင့် မြေဩဇာများ ချီးမြှင့်ပေးအပ်

ဘားအံ စက်တင်ဘာ ၁၅

**ကရင်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းများထဲမှ တစ်ခုဖြစ်သော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် နောင်ကမြိုင်စံပြကျေးရွာအင်းရေတွင်း သမိုင်းပြတိုက် အလှတစ်ရာခန်းမ၌ ကျင်းပသည်။**

အဆိုပါသင်တန်းကို ပထမအကြိမ်နှင့် ဒုတိယအကြိမ် နှစ်ကြိမ်ခွဲ၍ လူသုံးကုန်အမျိုးမျိုး ထုတ်လုပ်သည့်နည်းပညာများကို သင်ကြားပို့ချပေးခဲ့ရာ သင်တန်းကာလအတွင်း လုပ်ငန်းအပေါ်စိတ်ပါဝင်စားသူ၊ လုပ်ငန်းထူထောင်လိုသူ၊ သင်ကြားမှုအပေါ် ထူးချွန်တတ်မြောက်သူ စသည့်သတ်မှတ်ချက်နှင့် ပြည့်စုံသည့် ထူးချွန်သင်တန်းသား သင်တန်းသူ ငါးဦးကို ရွေးချယ်၍ လုပ်ငန်း ထူထောင်နိုင်ရန်အတွက် တစ်ဦးလျှင်ငွေကျပ် ၁၇ သိန်း ၄ သောင်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများကို ရင်းနှီးမတည်ပေးသွားမည်ဖြစ်သည့်အတွက် နောင်ကမြိုင်စံပြကျေးရွာမှ လုပ်ငန်းရှင် ငါးဦး ပေါ်ထွက်လာမည်ဖြစ်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ ကိုယ်တိုင်ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများနှင့် အလှတစ်ရာ ခန်းမအောက်ထပ်တွင် လက်ရက်ကန်းစင် ခြောက်စင်ဖြင့် ကရင်ရိုးရာအဝတ်အထည်များ ရက်လုပ်နေမှုတို့ကို ကြည့်ရှုအားပေး၍ လိုအပ်သည်များအား တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကရင်ပြည်နယ်အစိုးရအဖွဲ့က မျိုးစပါးနှင့် မြေဩဇာများ ချီးမြှင့်ပေးအပ်သည့်အခမ်းအနားကို ဖွဲ့ကပင်ခန်းမ၌ ကျင်းပပြီး ဩဂုတ်လ ဒုတိယအပတ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် သံလွင်မြစ်ရေ မြင့်တက်မှုကြောင့် စိုက်ပျိုးပြီးမိုးစပါး ၂၈၅၃၀၆ ဧကအနက် ၉၂၁၉ ဧက ရေလွှမ်းခံခဲ့ရ၍ ရေပြန်ကျချိန်တွင် ဧက ၂၈၂၀ ထိခိုက်၍ ၁၃၈၇ ဧက ပျက်စီးခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်လွင်နှင့် ပြည်နယ်ဝန်ကြီးများက ပျက်စီးသွားသည့် မိုးစပါး ၁၃၈၇ ဧကအတွက် တစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်း၊ ယူရီးယားဓာတ်မြေဩဇာ လေးဧကလျှင် တစ်အိတ်နှုန်း၊ သဘာဝမြေဩဇာ သုံးဧကလျှင် တစ်အိတ် နှုန်းတို့ဖြင့် စုစုပေါင်းမျိုးစပါး ၁၃၈၇ တင်း၊ ယူရီးယားဓာတ်မြေဩဇာ ၃၄၇ အိတ်၊ သဘာဝမြေဩဇာ ၄၆၂ အိတ်ကို အခမဲ့ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားမစတင်မီနှင့်အခမ်းအနားအပြီးတို့တွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက်လာသော တောင်သူများအား မြေယာပြုပြင်ခြင်းလုပ်ငန်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျရောစပ်အသုံးပြုခြင်း၊ ပိုးမွှားရောဂါကာကွယ် နှိမ်နင်းနည်းနှင့် မျိုးကောင်းမျိုးသန့်အသုံးပြုခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# (၅)နှစ်ကျော် သက်တမ်းလွန် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပြန်လည်မှတ်ပုံတင်ပေးပြီး ယာဉ်ပိုင်ရှင်များထံ ပေးအပ်

လွိုင်ကော် စက်တင်ဘာ ၁၅

**ကယားပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော နယ်မြေဒေသအခြေအနေများကြောင့် (၅)နှစ်အထက် သက်တမ်းကျော်လွန်ခဲ့ရသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပြန်လည်မှတ်ပုံတင်ပေးပြီး ယာဉ်မှတ်ပုံတင်ဆိုင်ရာအထောက်အထားများအား ယာဉ်ပိုင်ရှင်များထံ ပေးအပ်ခဲ့ကြောင်းသိရသည်။**

အဆိုပါ ယာဉ်မှတ်ပုံတင်ဆိုင်ရာ အထောက်အထားများအား ယာဉ်ပိုင်ရှင်များထံပေးအပ်ခြင်းကို ယနေ့နံနက်က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ယာဉ်ပိုင်ရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများကို ပြန်လည်ကုစားပေးသည့် အနေဖြင့် နိုင်ငံတော်မှ ယခုကဲ့သို့ ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့်အခြေအနေများကြောင့် (၅)နှစ်နှင့်အထက် သက်တမ်း ကျော်လွန်ခဲ့သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ခြင်းသည် ပြည်သူများအတွက် အကျိုးရှိထိရောက်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများအနေဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းစဉ်များကို ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ရေး၊ သတ်မှတ်ချက်များနှင့် အညီ မြန်ဆန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူများ၏ လိုအပ်ချက်များကို အလေးထား ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ ပြည်သူများ အနေဖြင့်လည်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို မောင်းနှင်အသုံးပြုသည့်နေရာတွင် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိတိကျကျ လိုက်နာမောင်းနှင်ကြရန်လိုအပ်ကြောင်းပြောကြားပြီး ယာဉ်မှတ်ပုံတင်စာအုပ်များ ပေးအပ်ရာ ယာဉ်ပိုင်ရှင် ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်တို့က ယာဉ်မှတ်ပုံတင်စာအုပ်များ ပေးအပ်ရာ ယာဉ်ပိုင်ရှင် ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြသည်။ ကယားပြည်နယ်အတွင်း မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပြန်လည်မှတ်ပုံတင် သက်တမ်းတိုးခြင်းကို ဇူလိုင် ၂၈ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ ထရော်လာဂျီ တစ်စီး၊ သုံးဘီး မော်တော်ဆိုင်ကယ် ရှစ်စီးနှင့် မော်တော်ဆိုင်ကယ် ၂၀၉ စီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ဥတ္တရသီရိမြို့နယ်၊ တပ်ကုန်းမြို့ရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(MRTV) နှင့် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်း ပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။



ထို့နောက် ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# အလားအလာကောင်းများရှိသည့် ကွမ်းသီးပင် အခြေပြုထုတ်ကုန်များ

ဒေါက်တာ မောင်အောင်

**မြန်မာ့ရေမြေသဘာဝအခြေအနေအရ စိုက်ပျိုးဖြစ်ထွန်းသည့် သီးပင်များအနက် ကွမ်းသီးပင်ကို အောက်မြန်မာပြည်တွင် တွေ့ရလေ့ရှိသည်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများဆုံးတွေ့ရပြီး ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း တွေ့ရပါသည်။**

> **"ကွမ်းသီးပင် အခြေပြုထုတ်ကုန်များဟုဆိုလျှင် အမြင်သာဆုံးမှာ ကွမ်းသီးထုတ်လုပ်မှုနှင့် ရောင်းဝယ်သည့်လုပ်ငန်းပင်ဖြစ်သည်။ ထို့ပြင် အောက်မြန်မာပြည် ကျေးလက်ဒေသများတွင် ကွမ်းသီးပင်များကို သစ်၊ ဝါးအစားထိုးအနေဖြင့် အသုံးပြုကြပါသည်။ အမှန်တကယ်တွင် ကွမ်းဖတ်များကို မီးဖိုချောင်သုံးနှင့် စားပွဲတင်ပန်းကန်ခွက်ယောက်အမျိုးမျိုး၊ ဇွန်းခက်ရင်းများ၊ ပါဆယ်ဘူးအမျိုးမျိုး စသည်တို့ကို ပြုလုပ်အသုံးပြုနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကွမ်းသီးပင်အရေအတွက်က အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်ပြီးလျှင် တတိယအများဆုံးရှိသောကြောင့်လည်း ကွမ်းသီးပင် အခြေပြုထုတ်ကုန်များ ယခုထက် ပိုမိုထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ တိုးချဲ့တင်ပို့နိုင်လျှင် အကျိုးများစွာရှိမည်"**

ကမ္ဘာပေါ်တွင် ကွမ်းသီးပင်များကို အများဆုံး ပိုင်ဆိုင်သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ကာ ဧရိယာအားဖြင့် ဧက ၂ ဒသမ ၃ သန်းဝန်းကျင်ရှိပြီး ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ၊ အင်ဒိုနီးရှားတို့တွင်လည်း ပေါများစွာ ရှိပါသည်။ အထူးသဖြင့် အာရှနိုင်ငံများ၏ ဓလေ့ထုံးစံအရ ကွမ်းစားသည့် အလေ့အထရှိသည့်အတွက် ကွမ်းသီးများကို အခြောက်ခံပြီး ခွဲစိတ်ကာ စားသုံးလေ့ရှိသောကြောင့် ကွမ်းသီးမှာ ပြည်တွင်းဈေးကွက်ကိုသာမက အိမ်နီးချင်းနိုင်ငံများကိုပါ တင်ပို့နိုင်သည့် လယ်ယာကုန်စည် ဖြစ်ပါသည်။

လတ်တလောနှစ်များအတွင်း ကွမ်းသီးတင်ပို့မှု နှစ်စဉ်ပျမ်းမျှတန်ချိန် နှစ်သိန်းကျော် တင်ပို့နိုင်ပါသည်။ သို့ရာတွင် ကွမ်းသီးပင်အဖတ်များ(ကွမ်းဖတ်များ)ကို အခြေပြုထုတ်လုပ်သည့် ပန်းကန်ခွက်ယောက်အမျိုးမျိုးနှင့် ပါဆယ်ဘူးများ ထုတ်လုပ်မှု ရှိသော်လည်း အများစုမှာ ပြည်တွင်းဈေးကွက်အတွက်သာ ဖြစ်နေပါသေးသည်။

**ပတ်ဝန်းကျင်ကောင်းထိန်းသိမ်းပေးနိုင်သည့် ကွမ်းသီးဖတ်ထုတ်ကုန်**

ကွမ်းသီးဖတ်ထုတ်ကုန်များသည် ပတ်ဝန်းကျင်ကောင်းကို ထိခိုက်စေသည့် ပလတ်စတစ်နှင့် ပိုလီမာ (ပလတ်စတစ်အပါအဝင် ဖော့၊ ရော်ဘာ စသည့် ပေါ်လီမာ အခြေခံပစ္စည်းများ) ထုတ်ကုန်များကို အစားထိုးအသုံးပြုလာခြင်းဖြင့် အဆိုပါကုန်စည်များသည် ဂေဟစနစ် မိတ်ဖက်ဖြစ်သောကြောင့် ရေရှည်တည်တံ့သည့် ပတ်ဝန်းကျင်ကောင်းကို ဖြစ်ပေါ်စေသည့် ကုန်စည်ဖြစ်သည်။

ကွမ်းသီးဖတ် ထုတ်ကုန်များ၏ ထူးခြားကောင်းမွန်သည့်အချက်မှာ ဓာတုကင်းသည့် ရာနှုန်းပြည့် သဘာဝထုတ်ကုန်ဖြစ်ခြင်း၊ ဂေဟစနစ်မိတ်ဖက်ဖြစ်၍ ပတ်ဝန်းကျင်ကောင်း ထိန်းသိမ်းပေးနိုင်ခြင်း၊ ခိုင်မာပြီး ပေါ့ပါးခြင်း၊ အပူရှိန်စက်အတွင်း ထည့်သွင်းအသုံးပြုနိုင်ခြင်း၊ တစ်ကြိမ်မက အသုံးပြုနိုင်ခြင်း၊ အသုံးမပြုတော့သည့် ကွမ်းသီးဖတ်ထုတ်ကုန်များကို အော်ဂဲနစ်သဘာဝမြေဩဇာအဖြစ် ပြောင်းလဲနိုင်ခြင်း၊ စရိတ်သက်သာမှုရှိခြင်း စသည်တို့ဖြစ်သည်။

အမှန်တကယ်မူ စဉ်ဆက်မပြတ် ပတ်ဝန်းကျင်ကောင်းထိန်းသိမ်းနိုင်ရေးတွင် ဖျက်ဆီးရန် ခက်ခဲသည့် ပလတ်စတစ် ပေါ်လီမာ စသည့် ကုန်ပစ္စည်းများကြောင့် အနုတ်လက္ခဏာဆောင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နေပါသည်။ မြင်သာသည့်အချက်မှာ ပလတ်စတစ်၊ စွန့်ပစ်ပစ္စည်းများက သဘာဝမြေဆီလွှာကို ပျက်စီးစေသည့်အပြင် မြို့ပြများတွင်လည်း ရေစီးရေလာ မြောင်းများ ပိတ်ဆို့ခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းနှင့် အမှိုက်များတွင်လည်း ရောနှောပါဝင်နေမှုကြောင့် အမှိုက်အသုံးပြု လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် သဘာဝမြေဩဇာအဖြစ် ပြောင်းလဲရန် ခက်ခဲနေပါသည်။

ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ပလတ်စတစ်ပစ္စည်း အသုံးပြုမှု ကန့်သတ်ခြင်းကို ဦးစားပေးလုပ်ဆောင်နေကြပြီဖြစ်သည်။ ထို့အတွက်လည်း အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများ၊ ဂျပန်နိုင်ငံ စသည်တို့တွင် ပလတ်စတစ်အိတ်များ အသုံးပြုမှုကို ကန့်သတ်ပိတ်ပင်လာမှုကြောင့် အစားထိုးကုန်စည်ဖြစ်သည့် ကွမ်းသီးဖတ် အခြေပြုထုတ်ကုန်များ အသုံးပြုမှု တိုးလာမှုနှင့်အတူ အထူးဈေးနှုန်းပါ မြင့်တက်လာပါသည်။

**ကွမ်းသီးပင် အခြေပြုထုတ်ကုန်များ**

ကွမ်းသီးပင် အခြေပြုထုတ်ကုန်များဟုဆိုလျှင် အမြင်သာဆုံးမှာ ကွမ်းသီးထုတ်လုပ်မှုနှင့် ရောင်းဝယ်သည့်လုပ်ငန်းပင်ဖြစ်သည်။ ထို့ပြင် အောက်မြန်မာပြည် ကျေးလက်ဒေသများတွင် ကွမ်းသီးပင်များကို သစ်၊ ဝါးအစားထိုးအနေဖြင့် အသုံးပြုကြပါသည်။ အမှန်တကယ်တွင် ကွမ်းဖတ်များကို မီးဖိုချောင်သုံးနှင့် စားပွဲတင်ပန်းကန်ခွက်ယောက်အမျိုးမျိုး၊ ဇွန်းခက်ရင်းများ၊ ပါဆယ်ဘူးအမျိုးမျိုး စသည်တို့ကို ပြုလုပ်အသုံးပြုနိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကွမ်းသီးပင်အရေအတွက်က အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်ပြီးလျှင် တတိယအများဆုံးရှိသောကြောင့်လည်း ကွမ်းသီးပင် အခြေပြုထုတ်ကုန်များ ယခုထက် ပိုမိုထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုပါ တိုးချဲ့တင်ပို့နိုင်လျှင် အကျိုးများစွာ ရှိမည်ဖြစ်ပါသည်။

ခန့်မှန်းတွက်ချက်မှုအရ ကွမ်းသီးစိုက်ပျိုး ဧက ငါးသိန်းဝန်းကျင်ရှိပြီး တစ်ဧကလျှင် ပျမ်းမျှအပင် ၂၀၀၀ ဝန်းကျင်ရှိပါသည်။ လေ့လာမှုများအရ ကွမ်းသီး ခူးဆွတ်ခြင်းကို ပင်ရာနှုန်းပြည့်လုပ်ဆောင်နိုင်ခြင်း မရှိသေးသည့် အခြေအနေရှိပြီး အနည်းဆုံး အပင်များ၏ ၁၅ မှ ၂၀ ရာခိုင်နှုန်းဝန်းကျင် အကြောင်းအမျိုးမျိုးကြောင့် လစ်ဟာနေဆဲပင်ဖြစ်သည်။ ကွမ်းသီးထုတ်လုပ်နိုင်မှု၊ စားသုံးမှုနှင့် တင်ပို့မှု အခြေအနေကြည့်မည်ဆိုလျှင် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က အများဆုံးထုတ်လုပ်သည်မှန်သော်လည်း ပြည်တွင်းစားသုံးမှုများသည့်အတွက် တင်ပို့မှု အလားအလာမှာ မြန်မာက အကောင်းဆုံးပင် ဖြစ်သည်။

လက်ရှိတင်ပို့မှုတွင် မူလထုတ်ကုန်အတိုင်း ကွမ်းသီးခြောက်အလုံးနှင့် ခွဲခြမ်းအဆင့်သာ တင်ပို့နေပြီး ထပ်ဆင့်ပြုပြင် ပို့ကုန်မပြုလုပ်နိုင်သေးပေ။ ကွမ်းသီးစားသုံးခြင်းက အာရုံကြောများကို လန်းဆန်းစေမှုကြောင့် မော်တော်ယာဉ်မောင်းနှင်သူများ သုံးစွဲလေ့ရှိသလို တိုင်းရင်းဆေးအဖြစ် ကျန်းမာရေး အထောက်အကူပြုသည့်အတွက် ကျေးလက်နေ လူကြီးသူမများလည်း အသုံးပြုလေ့ရှိသည်။ မည်သို့ပင်ဖြစ်စေ ကွမ်းသီးထုတ်လုပ်မှုက အရေးပါသည့် စီးပွားရေးလုပ်ငန်းဖြစ်သလို ကွမ်းသီးပင်အခြေပြု ကွမ်းခြံရှင်များ၊ လုပ်သားများအတွက်လည်း ဝင်ငွေနှင့် အလုပ်အကိုင်ပေးနိုင်သည့် လုပ်ငန်းဖြစ်သည်။

ကွမ်းပင်နှင့်ပတ်သက်၍ ဒုတိယစီးပွားရေး လုပ်ငန်းမှာ ကွမ်းဖတ်ကို အခြေပြုပြီး ထုတ်လုပ်သည့် ပန်းကန်ခွက်ယောက်အမျိုးမျိုး၊ ဇွန်း၊ ခက်ရင်းများ၊ ပါဆယ်ဘူးစသည်တို့ ထုတ်လုပ်သည့် လုပ်ငန်းပင်ဖြစ်သည်။ ကွမ်းပင်များမှ သဘာဝအရ ကြွေကျသည့် ကွမ်းဖတ်များမှာ အလျှံအပယ်ရှိနေပြီး အသုံးမပြုပါက အမှိုက်သာဖြစ်သည်။ ဆိုလိုသည်မှာ သဘာဝအရ ကြွေကျသည့် ကွမ်းဖတ်များကို ဆေးကြောသန့်စင်ကာ နေရောင်ခြည်တွင် အခြောက်လှန်းပြီး မြင့်မားသည့် အပူချိန်ဖြင့် ပန်းကန်ခွက်ယောက်အမျိုးမျိုးနှင့် ပါဆယ်ဘူးအမျိုးမျိုး ပြုလုပ်ခြင်းပင်ဖြစ်သည်။

အမှိုက်မှ တန်ဖိုးရှိသည့် အသုံးဝင်ကုန်စည်များဖြစ်သည့်အတွက် စိုက်ပျိုးထုတ်လုပ်သူများ၊ ကျေးလက်နေသူများ၊ ထပ်ဆင့်ပြုပြင်သူများ၊ ပြည်တွင်းပြည်ပဖြန့်ဖြူး ရောင်းချသူများ စသည်တို့၏ ဝင်ငွေနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်သည့် အတွက် ကျေးလက်နေပြည်သူတို့အတွက် ဝင်ငွေလမ်းကြောင်းတစ်ခုလည်းဖြစ်ပါသည်။

**ကွမ်းသီးထုတ်ကုန်များနှင့် ဈေးကွက်အခြေအနေ**

ကမ္ဘာ့ကွမ်းသီးထုတ်လုပ်နိုင်မှုနှင့် ဈေးကွက်အခြေအနေကို ကြည့်လျှင် အိန္ဒိယနိုင်ငံက ထုတ်လုပ်မှုတွင် သိသိသာသာ လွှမ်းမိုးထားသော်လည်း ကွမ်းသီးထုတ်ကုန်တင်ပို့မှု မတွေ့ရသေးဘဲ ပြည်တွင်းစားသုံးမှု မလုံလောက်၍ တင်သွင်းနေရဆဲဖြစ်သည်။ ကွမ်းသီးနှင့်ပတ်သက်သည့် အများဆုံး တင်ပို့သူမှာ အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး အကြမ်းဖျင်းအားဖြင့် စုစုပေါင်းပို့ကုန်၏ ထက်ဝက်ကျော်တင်ပို့နေကာ ပျမ်းမျှအားဖြင့် ၅၀ မှ ၆၀ ရာခိုင်နှုန်းခန့် ပါဝင်ပြီး အီရန်၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ အဓိက တင်ပို့ပါသည်။

ဒုတိယအများဆုံးမှာ မိမိတို့နိုင်ငံဖြစ်ပြီး ပျမ်းမျှအားဖြင့် စုစုပေါင်း ကွမ်းသီးပို့ကုန်၏ ၁၄ မှ ၁၇ ရာခိုင်နှုန်းဝန်းကျင် ပါဝင်ကာ အဓိကဈေးကွက်အနေဖြင့် အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံတို့သို့ အဓိက ပို့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ကွမ်းသီးတင်ပို့မှု တန်ဖိုး ဒေါ်လာ ၄၀၂ သန်းရှိခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ ဒေါ်လာ ၁၂၈ သန်း၊ မြန်မာနိုင်ငံ ဒေါ်လာ ၇၄ သန်းနှင့် ထိုင်းနိုင်ငံက ဒေါ်လာ ၆၀ ဒသမ ၂ သန်းဖြင့် ဦးဆောင်နေပါသည်။

ယေဘုယျအားဖြင့် ကွမ်းသီးပို့ကုန်နှင့်ပတ်သက်၍ အမျိုးအစား နှစ်မျိုးသာရှိသည်။ ကွမ်းသီးကို နေရောင်ဖြင့် အခြောက်ခံကာ အလုံးလိုက်(သို့)ခွဲခြမ်းပြီး ကုန်ကြမ်းအတိုင်း တင်ပို့မှုနှင့် ပေါင်းပြီး ကွမ်းသီးအနုကို တင်ပို့ခြင်းဟူ၍ ခွဲခြားထားသည်။ ဈေးနှုန်းအနေဖြင့်မူ ပေါင်းပြီး ကွမ်းသီးအနုက ဈေးနှုန်းမြင့်ကာ တရုတ်နိုင်ငံက အများဆုံးဝယ်ယူပါသည်။ ကွမ်းသီးခြောက်တင်ပို့ရာတွင်လည်း အင်ဒိုနီးရှား ကွမ်းသီးဈေးက မိမိတို့ထက် အနည်းငယ်ဈေးသက်သာမှုရှိခြင်းကလည်း ဝယ်အားကို ပိုများစေပါသည်။

ကွမ်းသီးပို့ကုန်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ယခုထက် တိုးချဲ့တင်ပို့နိုင်သည့် အခွင့်အလမ်းများ ရှိနေသေးပြီး လစ်ဟာနေသည့် ၂၀ ရာခိုင်နှုန်းဝန်းကျင် ကွမ်းပင်များနှင့် ကွမ်းသီးများ၊ အချို့နေရာများတွင် လုံခြုံရေးအခြေအနေများကြောင့် ကန့်သတ်ချက်များ ရှိနေသေးသဖြင့် အများဆုံး တင်ပို့သည့် နယ်စပ်ကုန်သွယ်ရေး ပုံမှန်အနေအထား မရောက်ရှိသေးခြင်း စသည့်အချက်များသာ အဆင်ပြေလာလျှင် ကွမ်းသီးထုတ်လုပ်မှုနှင့် တင်ပို့မှုများစွာ တက်လာမည်ဖြစ်သည်။

ထို့ပြင် ဈေးကောင်းရသည့် တရုတ်နိုင်ငံသို့ တင်ပို့သည့် ပေါင်းပြီးကွမ်းသီးအနု တင်ပို့ခြင်းကိုလည်း ယခုထက် ပိုမိုတင်ပို့နိုင်ရန် လုပ်ဆောင်ခြင်းဖြင့် ပို့ကုန်တန်ဖိုး သိသိသာသာ တိုးမြှင့်လာနိုင်သောကြောင့် ကွမ်းသီးအများဆုံး ထွက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် အထူးဖောင်းပေးလုပ်ဆောင်သင့်သည့် လယ်ယာပို့ကုန်ပင် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကွမ်းသီးအများဆုံးတင်ပို့နေသည့် အင်ဒိုနီးရှားနိုင်ငံ၏ အဓိကပြိုင်ဘက်မှာ မိမိတို့နိုင်ငံဖြစ်ပြီး နိုင်ငံရေး ပိုမိုတည်ငြိမ်လာမှုကြောင့် မကြာမီအချိန်အတွင်း မြန်မာ့ကွမ်းသီးထုတ်လုပ်တင်ပို့မှု တိုးတက်လာနိုင်ကြောင်း လေ့လာသူများက ဆိုပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ် များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အေအိုင်နှင့် ကျွန်တော် (၁၈)

**အယ်ဒီတာတစ်ဦး**

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ (AI) က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ ကျွန်တော်ကိုယ်တိုင်လည်း အေအိုင်ကို သိလိုသည့်မေးခွန်းများ မေးမြန်းခြင်းအပါအဝင် အခြေခံအဆင့်လောက် အသုံးပြုတတ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့် မေးခွန်းနှင့်ပတ်သက်၍ ဤသို့ မှတ်တမ်းပြုမိလိုက်ပါသည်။

**မေးခွန်း**။ စည်းကမ်းရှိဖို့ ထိရောက်ပြင်းထန်တဲ့ အရေးယူမှုတွေ လုပ်တာရယ်၊ ငယ်စဉ်ကတည်းက အသိပညာပေး တည်ဆောက်ယူတာရယ် အပိုင်းတွေ ရှိမှာပါ။ ဒါပေမယ့် တစ်ဝက်တစ်ပျက်ကနေ လုပ်ရမှာဆိုတော့ ဘယ်နည်းလမ်းက ကောင်းမလဲ၊ Infrastructure ကလည်း မပြည့်စုံသေးဘူး၊ ဘာတွေ အရင်ဖြည့်ဆည်းဖို့ လိုမလဲ၊ နိုင်ငံတကာမှာရော ဘယ်လိုလဲ။

**အဖြေ**။ စည်းကမ်းပြည့်ဝသော လူ့အဖွဲ့အစည်းတစ်ခုကို စတင်တည်ဆောက်ရာတွင် အရေးယူပိတ်ပင်ခြင်း (Law Enforcement) နှင့် အသိပညာပေးခြင်း (Education /Awareness) နှစ်ခုစလုံး လိုအပ်သော်လည်း အကူးအပြောင်းကာလတွင် အရေးယူမှုထက် အသိပညာပေးခြင်းနှင့် စနစ်ပုံစံဖော်ခြင်းကို ဦးစားပေးခြင်းက ပိုမိုထိရောက်ပါသည်။

အပြစ်ဒဏ်ပြင်းထန်စွာပေးခြင်းတစ်ခုတည်းသည် ရေရှည်တွင် ပြည်သူများ စည်းကမ်းလိုက်နာအောင် မလုပ်နိုင်ဘဲ ကြောက်ရွံ့မှုကိုသာ ဖန်တီးပေးပြီး စနစ်၏ လစ်ဟာချက်မှ လာဘ်ပေးလာဘ်ယူမှုများ ပိုမိုမြင့်မားလာစေနိုင်ပါသည်။

**ဦးစားပေး ဖြည့်ဆည်းရမည့် Infrastructure များ**

မထိရောက်သေးသော အဆောက်အအုံ/စနစ်များတွင် စည်းကမ်းကြပ်မတ်ရန်မှာ ခက်ခဲသောကြောင့် အောက်ပါ အခြေခံအဆောက်အအုံများကို ဦးစွာတည်ဆောက်ရပါမည် –

- **သတင်းအချက်အလက်နှင့် နည်းပညာစနစ် (Digital Infrastructure)**
  - လူကိုယ်တိုင် စည်းကမ်းကြပ်မတ်ခြင်းထက် CCTV ၊ ဒီဂျစ်တယ်အမှတ်ပေးစနစ် (Digital Tracking) နှင့် အလိုအလျောက် ဒဏ်ကြေးရိုက်သည့်စနစ်များကို ကျင့်သုံးခြင်းဖြင့် မသမာမှုကို လျှော့ချနိုင်ပါသည်။
- **ရှင်းလင်းလွယ်ကူသော လမ်းညွှန်ချက်များနှင့် ဆိုင်းဘုတ်များ**
  - စည်းကမ်းများကို အလွယ်တကူနားလည်နိုင်ရန် စနစ်တကျ အကွက်ချထားသောလမ်းကြောင်းများ၊ ရှင်းလင်းသည့် ဆိုင်းဘုတ်များနှင့် သတင်းအချက်အလက်စနစ်များ ပြည့်စုံရပါမည်။
- **အဆင်ပြေလွယ်ကူသည့် အစားထိုးစနစ်များ ရရှိစေခြင်း**
  - ဥပမာ – အမှိုက်ပုံးမရှိဘဲ အမှိုက်မပစ်ရန်ပိတ်ပင်ခြင်း သို့မဟုတ် လုံလောက်သော ပြည်သူ့ပို့ဆောင်ရေးစနစ်မရှိဘဲ ယာဉ်စည်းကမ်းတင်းကျပ်ခြင်းတို့သည် မအောင်မြင်နိုင်ပါ။ အခြေခံလိုအပ်ချက်များ အရင်ဖြည့်ဆည်းပေးရပါမည်။

**နိုင်ငံတကာ သင်ခန်းစာများနှင့် အတွေ့အကြုံများ**

နိုင်ငံအသီးသီးသည် ၎င်းတို့၏ ယဉ်ကျေးမှုနှင့် စနစ်ပေါ်မူတည်၍ အောက်ပါနည်းလမ်းများကို အသုံးပြုခဲ့ကြသည် –

- **စင်ကာပူနိုင်ငံ (Strict Enforcement & Nudge):**
  - အစပိုင်းတွင် ဒဏ်ကြေးနှင့် ပြစ်ဒဏ်အလွန်ပြင်းထန်သည့် "Fine City" နည်းလမ်းဖြင့် စည်းကမ်းတည်ဆောက်ခဲ့သော်လည်း ရေရှည်တွင် အသိပညာပေးခြင်းနှင့် ပတ်ဝန်းကျင် ဖန်တီးပေးခြင်းများဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့သည်။
- **ဂျပန်နိုင်ငံ (Social & Cultural Education):**
  - ငယ်စဉ်ကလေးဘဝကတည်းက ကျောင်းများတွင် စည်းကမ်းလိုက်နာမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် စားနပ်ရိက္ခာမျှဝေမှုကို ကိုယ်တိုင်ပါဝင်လုပ်ဆောင်စေသည့် အလေ့အထ (Social Conditioning) ဖြင့် တည်ဆောက်ခဲ့သည်။
- **ရဝမ်ဒါနိုင်ငံ (Community Engagement – Umuganda):**
  - အခြေခံအဆောက်အအုံ မပြည့်စုံသည့်ကာလတွင် တစ်လလျှင် တစ်ကြိမ် လူထုစုပေါင်းအသိုင်းအဝိုင်း သန့်ရှင်းရေးလုပ်ဆောင်သည့်စနစ်ဖြင့် နိုင်ငံကို သန့်ရှင်းစည်းကမ်းရှိအောင် တည်ဆောက်ခဲ့သည်။

**တစ်ဝက်တစ်ပျက်မှ စတင်ရာတွင် သုံးရန် ထိရောက်သည့် အကူးအပြောင်း နည်းလမ်း**

၁။ **Nudge Theory (တွန်းအားပေး စည်းရုံးသည့် နည်းလမ်း)**။ ပြစ်ဒဏ်ပေးခြင်းထက် လိုက်နာချင်စိတ်ပေါ်လာအောင် စနစ်အားပုံဖော်ခြင်း (ဥပမာ – အမှိုက်ပုံးများကို သွားလာရလွယ်သည့် နေရာများတွင် ထားရှိပေးခြင်း၊ လိုက်နာသူများကို ဂုဏ်ပြုသည့်စနစ်များ ထားရှိခြင်း)။

၂။ **စံပြနမူနာပြနယ်မြေများ (Pilot Projects)**။ စတင်ချိန်တွင် တစ်နိုင်ငံလုံး မလုပ်နိုင်ပါက သတ်မှတ်ထားသော မြို့၊ လမ်း သို့မဟုတ် ရပ်ကွက်တစ်ခုတွင် စည်းကမ်းစနစ် စံပြဖန်တီးပြီးမှ တဖြည်းဖြည်းတိုးချဲ့ခြင်း။

၃။ **ပွင့်လင်းမြင်သာသည့် ဥပဒေစိုးမိုးမှု**။ ပြစ်ဒဏ်များကို ပြင်းထန်သည်ထက် "မှန်ကန်ကြောင်း၊ မတရားဘက်လိုက်မှု မရှိကြောင်း" လူထုက ယုံကြည်အောင် အကောင်အထည်ဖော်ခြင်း။

## ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှုနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရေဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်၌ ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ တာမိုင် (၁၁/၆ + ၆၀၀') မှ (၁၁/၆ + ၆၅၀') အတွင်း Steel Cable Groyne (သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်း)ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော် နှင့် ကျောင်းကုန်း မြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ အာမခံကြေး ဘတ် ၁ ဒသမ ၅ သန်းအား မိခင်ထံပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့်သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ အာမခံကြေး ဘတ် ၁ ဒသမ ၅သန်းအား မိခင်ဖြစ်သူထံ ပေးအပ်ခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ထိုင်းနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသား ဦးကျော်သက်အောင်သည် မေ ၂၁ ရက်တွင် ယာဉ်မတော်တဆမှုဖြစ်ပွား၍ အသက်ဆုံးရှုံးခဲ့သည့်အတွက် ၎င်းရသင့်ရထိုက်သည့် ပုဂ္ဂလိက အာမခံကုမ္ပဏီ၏ အာမခံကြေးငွေများရရှိရေးအတွက် အလုပ်သမားသံအရာရှိရုံးမှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ယမန်နေ့ မွန်းလွဲပိုင်းတွင် အဆိုပါရုံး၌ ဦးကျော်သက်အောင်၏ မိခင် ဒေါ်ခင်သန်းထံ အာမခံကြေးငွေများ ပေးအပ်ခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သတင်းထုတ်ပြန်ထားသည်။

MT



သေဆုံးသူ မြန်မာအလုပ်သမား၏ မိခင်ဖြစ်သူထံ အာမခံကြေးငွေများ လွှဲပြောင်းပေးအပ်စဉ်။

# သီပေါမြို့နယ် နမ့်ခမ်းကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅** နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကို သာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီး ကာကွယ်ခြင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။


ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါနေရာသို့ သွားရောက်၍ စုံစမ်းရှာဖွေ ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား တစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၃ ဦးတို့အား Type-81 သေနတ် တစ်လက်၊ ကျည်တောင့် ၆၀ ၊ ကျည်အိမ် လေးခု၊ ဖုန်းမျိုးစုံ ၂၂ လုံး၊ Laptop တစ်လုံး၊ Starlink လေးစုံ၊ 12 V Battery တစ်လုံး၊ Solar Battery နှစ်လုံး၊ Solar (620 W) ခြောက်ချပ်၊ Solar (420 W) တစ်ချပ်၊ အုတ်ကာသွပ်မိုး အလျားပေ ၅၀၊ အနံပေ ၃၀ အဆောက်အအုံ တစ်လုံး၊ သွပ်ကာသွပ်မိုး အလျားပေ ၃၀၊ အနံပေ ၂၀ အဆောက်အအုံ နှစ်လုံးနှင့် အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြပုံ






သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် သိမ်းဆည်းရမိ အဆောက်အအုံ တစ်လုံး။



သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။



သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား ဖမ်းဆီးရမိစဉ်။

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား လေးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၅** ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Mohammad Din Islam နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်အထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၆၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၉၂၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၃၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၄၀ ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၉၇ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

တစ်အိမ်လုံးတွင် မည်သူမျှမရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ




## မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၅**


မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**




## မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် (၁၉၈၈-၂၀၂၅) စာအုပ်ထွက်ရှိ

မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံတကာဆက်ဆံရေး အခြေအနေများကို လေ့လာနိုင်မည့် "မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် (၁၉၈၈-၂၀၂၅)" စာအုပ် နဝမအကြိမ် ထွက်ရှိလာပြီဖြစ်သည်။ စာရေးသူ ဗိုလ်မှူးကြီးဟောင်း လှမင်းက ၎င်း၏ အတွေ့အကြုံနှင့် ရှုမြင်ချက်များကို အခြေခံ၍ နိုင်ငံရေးဖြစ်စဉ်များနှင့် သမိုင်းဖြစ်ရပ်များကို ရေးသားထားခြင်းဖြစ်သည်။




စာအုပ်တွင် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအနေအထား၊ တိုင်းရင်းသားလူမျိုးများနှင့် လူဦးရေဆိုင်ရာ နောက်ခံအချက်အလက်များအပြင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှု သမိုင်းကြောင်းများ၊ နိုင်ငံခြားရေးမူဝါဒနှင့် တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့်ကာလအတွင်း ပြောင်းလဲလာသည့် နိုင်ငံရေးအခင်းအကျင်းများကို ဖော်ပြထားသည်။

ထို့ပြင် ဒေသတွင်း မူးယစ်ဆေးဝါးပြဿနာ၊ ဘိန်းဖြူမှ စိတ်ကြွဆေးပြား (Methamphetamine) သို့ ပြောင်းလဲလာသည့် အခြေအနေနှင့် မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဖြစ်စဉ်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများကိုလည်း ထည့်သွင်းရေးသားထားသည်။

အဆိုပါစာအုပ်ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး အဋ္ဌမအကြိမ်ကို ၂၀၂၅ ခုနှစ် မေလတွင် ထုတ်ဝေခဲ့သည်။ အဆိုပါစာအုပ်ကို အမှတ် ၇၉/၈၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်ရှိ STARS EMPIRE One Stop Printing Services တွင် ပုံနှိပ်ထားပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

❂ *ကျော်ဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဆင့်သို့ တက်ရောက်ရန်အတွက် ခြေစစ်ပွဲမှ စတင်ကစားခဲ့ရခြင်းဖြစ်ပြီး လာအိုကလပ် အီဇရာအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ အုပ်စုအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ အိမ်ကွင်းအဖြစ် နှစ်ကျော့စလုံး လက်ခံကျင်းပခဲ့သည့် အဆိုပါခြေစစ်ပွဲတွင် ပထမအကျော့၌ ရှမ်းယူနိုက်တက်က နှစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့ ပွဲချိန် ၉၀+၄ မိနစ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-သုံးဂိုးစီ သရေကျခဲ့သည်။ ထို့နောက် မိနစ် ၃၀ အချိန်ပိုတွင် နှစ်ဖက်စလုံး ဂိုးမသွင်းနိုင်ကြသဖြင့် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ ရှမ်းယူနိုက်တက်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်သည် ၂၀၂၄-၂၀၂၅ ရာသီမှစ၍ ယခု ၂၀၂၆-၂၀၂၇ ရာသီအထိ သုံးကြိမ်ဆက်တိုက် ခြေစစ်ပွဲ အောင်မြင်ကာ ASEAN Club Championship အုပ်စုအဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) သည် ယခင်ရာသီက ပြိုင်ပွဲဝင် ၁၂ သင်းဖြင့် ကျင်းပခဲ့သော်လည်း ယခုရာသီတွင် ၁၄ သင်းအထိ တိုးမြှင့်ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုအဆင့်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၇ ရက်မှ ၂၀၂၇ ခုနှစ် ဇွန် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-SUFC**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

❍ *ကျော်ဖုံးမှ*

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက် ရွတ်ဆိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အုပ်ချုပ်သူများ/နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



◆ *ကျော်ဖုံးမှ*

အားကစားအဖွဲ့တို့၏ လေ့ကျင့်နေမှုများကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

### သွားရောက်ကြည့်ရှု

ဆက်လက်၍ ၂၀၂၆ ခုနှစ် ဇူလိုင် ၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် ဖွင့်လှစ်သင်ကြားပေးလျက် ရှိသည့် (နည်းပြ/နည်းစနစ်) မွမ်းမံသင်တန်း (၁/၂၀၂၆) တွင် (လက်ဝှေ့) Boxing အားကစားနည်း သင်ခန်းစာ သင်ကြားပို့ချပြသနေမှုအား သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဘတ်စကက်ဘောရုံနှင့် ဘော်လီဘောရုံ နှစ်ထပ် Sunshade နေကာအမိုးတပ်ဆင်ခြင်းလုပ်ငန်း၊ အများသုံးသန့်စင်ခန်းအတွက် ရေဂါလန် ၁၆၀၀ ဆံ့ သံရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ စတိုခန်း၊ အိပ်ဆောင်ငါးဆောင်နှင့် စားရိပ်သာတို့အတွက် ရေဂါလန် သုံးသောင်း၊ ခြောက်လက်မ အဝီစိတွင်းတူးဖော်နေမှုနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး (မှန်ဆောင်) ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ တိုက်ကွမ်ဒိုနှင့် ကျွမ်းဘား အားကစားရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်/စံညွှန်းနှင့် အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေးအတွက် စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် စည်ပင်ရိပ်သာဝင်းရှိ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယ ကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်သို့ သွားရောက်၍ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည့် (၅၈) ကြိမ်မြောက် ကာယဗလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစကားပြောကြားကာ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၏ တင်ပြချက်များနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❁ *ကျော်ဖုံးမှ*

Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile နှင့် eFootball Console အစရှိသည့် အားကစားနည်းငါးမျိုးကို ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အိမ်ရှင် ဂျပန်နိုင်ငံအပါအဝင် တောင်ကိုရီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အီရန် စသည့်နိုင်ငံများနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

"Zanaka အသင်းက အာရှအားကစားပြိုင်ပွဲမှာ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ အာရှ ၁၂ နိုင်ငံမှာ ထိပ်သီးရှစ်နိုင်ငံနဲ့ ယှဉ်ပြိုင်သွားရဖို့ရှိပါတယ်။ အထူးသဖြင့် တရုတ်၊ ဂျပန်နဲ့ ဆော်ဒီအာရေဗျနိုင်ငံတွေနဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ အကောင်းဆုံးပြင်ဆင်ထားတာကြောင့် နိုင်ငံ့ဂုဏ်ဆောင်ဆုတွေရရှိဖို့ မျှော်မှန်းထားတယ်။ ပြိုင်ပွဲကာလမှာ ပြည်သူတွေအနေနဲ့ စောင့်ကြည့်အားပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်" ဟု မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ကောင်းမြတ်စံက ပြောသည်။

မြန်မာ့လက်ရွေးစင် Esports အားကစားအဖွဲ့ချုပ်မှ National Team Zanaka အသင်း၊ Team Zanaka eFootball Mobile အသင်းနှင့် Console အသင်းတို့သည် စက်တင်ဘာ ၁၉ ရက်တွင် ဂျပန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

ထို့အတူ စက်တင်ဘာ ၂၄ ရက်တွင် Honor of Kings (HOK) အသင်း၊ စက်တင်ဘာ ၂၅ ရက်တွင် PUBG Mobile အသင်း၊ စက်တင်ဘာ ၂၆ ရက်တွင် Mobile Legend (MLBB) အသင်းတို့သည်လည်း ဂျပန်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ပြီး ပြိုင်ပွဲများတွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား ၂၁ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ KBZPay၊ U9၊ Lipovitan-D နှင့် SINODA တို့က ပူးပေါင်းပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ - ဖွဲ့မာန်**

## သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

# ဒရုန်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ဆော်ဒီရေနံပိုက်လိုင်း ပြန်လည်ပြုပြင်မှု ရက်သတ္တ ငါးပတ်အထိ ကြာမြင့်နိုင်

**ရီယာ့ဒ် စက်တင်ဘာ ၁၅**

အိမ်နီးချင်းအီရတ်နိုင်ငံမှ ပစ်လွှတ်လိုက်သော ဒရုန်းတိုက်ခိုက်မှုတစ်ခုအတွင်း ဆော်ဒီအာရေဗျ၏ အရေးပါသည့် ရေနံပိုက်လိုင်းတစ်ခု ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

စက်တင်ဘာ ၁၀ ရက်က ဒရုန်းတိုက်ခိုက်ခံရမှုဖြစ်ပွားပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံ၏ အရှေ့-အနောက် ရေနံပိုက်လိုင်း ထိခိုက်ပျက်စီးမှုဖြစ်ပွားသည့်နေရာ၏ဂြိုဟ်တုဓာတ်ပုံများကို ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့် အောက်တိုဘာလက ရိုက်ယူရရှိထားသော ဓာတ်ပုံများတွင် ပိုက်လိုင်းကွန်ရက်၏ အဆောက်အအုံအများအပြားကို မြင်တွေ့ရသော်လည်း စက်တင်ဘာ ၁၃ ရက်က ရိုက်ယူရရှိထားသော ဓာတ်ပုံများတွင် အကြီးအကျယ်ထိခိုက်ပျက်စီးနေသည်ကို တွေ့ရသည်။

ရေနံပိုက်လိုင်း ပြန်လည်ပြုပြင်ရာတွင် ရက်သတ္တပတ်သုံးပတ်မှ ငါးပတ်အထိ ကြာမြင့်နိုင်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါပိုက်လိုင်းသည် ဆော်ဒီအာရေဗျ၏ ရေနံစိမ်းများကို ပင်လယ်နီသို့ပို့ဆောင်ပေးသည်။ ၎င်းသည် ဟော်မုဇ်ရေလက်ကြားကို ရှောင်ကွင်းနိုင်သော အဓိကပို့ကုန်လမ်းကြောင်းတစ်ခုဖြစ်လာခဲ့ပြီး လွန်ခဲ့သည့်လများအတွင်း ကမ္ဘာလုံးဆိုင်ရာ ရေနံထောက်ပံ့မှု၏ ငါးရာခိုင်နှုန်းခန့်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



## ဖီဂျီနိုင်ငံ၌ HIV ကို အမျိုးသားအဆင့် အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာ

**ဆူးဗား စက်တင်ဘာ ၁၅**

ဖီဂျီနိုင်ငံတွင် HIV ရောဂါကူးစက်ခံရသူ အလွန်အမင်းမြင့်တက်လာသောကြောင့် HIV ကို အမျိုးသားအဆင့် အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

ဖီဂျီနိုင်ငံသည်ရောဂါကူးစက်မှုကို ထိန်းချုပ်ဟန့်တားနိုင်ရေး အစိုးရ၏ ကျယ်ကျယ်ပြန့်ပြန့် တုံ့ပြန်ဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအဖြစ် ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်များဆိုင်ရာ အစီအစဉ်တစ်ရပ်ကိုလည်း မိတ်ဆက်ရန် ပြင်ဆင်လျက်ရှိသည်။ ဖီဂျီနိုင်ငံတွင် အရွယ်ရောက်သူ အယောက် ၆၀ တွင် တစ်ယောက် HIV ရောဂါကူးစက်ဖြစ်ပွားနေကြောင်း ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ဝန်ကြီး ရာတူအာတိုနီယိုလာလာဘာလာဗူက စက်တင်ဘာ ၁၅ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဖီဂျီနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း HIV ရောဂါကူးစက်ခံထားရကြောင်း အတည်ပြုစစ်ဆေးတွေ့ရှိသူ အသစ် ၂၀၁၆ ဦးရှိကြောင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ခံယူနေသည့် အမျိုးသမီးများကြားတွင် HIV ကူးစက်ပျံ့နှံ့မှုနှုန်းမှာ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ဆင်ဟွာ**

## မိုက်ခရိုဆော့ဖ်က AI ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုက်နာရမည့် ကျင့်ဝတ်မူကြမ်း ထုတ်ပြန်

**ဝါရှင်တန် စက်တင်ဘာ ၁၅**

လူသားများအနေဖြင့် ဉာဏ်ရည်တု (AI) အပေါ် ထိန်းချုပ်နိုင်စွမ်း ဆုံးရှုံးလာနေသည်ဟူသော စိုးရိမ်မှုများ မြင့်တက်လာခြင်းအပေါ် မိုက်ခရိုဆော့ဖ်က တုံ့ပြန်သည့်အနေဖြင့် AI မော်ဒယ်များကို လေ့ကျင့်ရာတွင် လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းမူကြမ်းတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းမူကြမ်းသည် အခြေခံအားဖြင့် လုံခြုံစိတ်ချရသော AI စနစ်များ ဖန်တီးနိုင်ရန် ရည်ရွယ်ထားကြောင်း မိုက်ခရိုဆော့ဖ်က ပြောကြားခဲ့သည်။

မိုက်ခရိုဆော့ဖ်က AI နည်းပညာအပေါ် ကန့်သတ်ချက်များ သတ်မှတ်ရန် မရှိမဖြစ်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ နည်းပညာသည် အလွန်လျင်မြန်စွာ တိုးတက်ပြောင်းလဲနေခြင်းအပြင် မကြာသေးမီက AI စနစ်များသည် ထိန်းချုပ်ထားသည့် ပတ်ဝန်းကျင်များမှလွတ်မြောက်ကာ ဟက်ကင်းလုပ်ငန်းများပြုလုပ်ခဲ့သည့် ဖြစ်ရပ်များရှိခဲ့ခြင်းကိုလည်း ထောက်ပြခဲ့သည်။

ယခုကြေညာချက်သည် ယခုဆယ်စုနှစ်အကုန်တွင် AI ကြောင့် လူသားမျိုးနွယ် ပျောက်ကွယ်သွားနိုင်သည်ဟု မကြာသေးမီက ထွက်ပေါ်ခဲ့သည့် သတိပေးချက်များနောက်ပိုင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ မိုက်ခရိုဆော့ဖ်၏ AI ကျင့်ဝတ်စည်းမျဉ်းမူကြမ်းတွင် AI နည်းပညာသည် လူသားတို့၏ ထိန်းချုပ်မှုကို မည်သည့်အခါမျှ ကျော်လွန်ခြင်းမပြုရဟု ဖော်ပြထားသည်။ ထို့အပြင် လုံခြုံရေးအကာအကွယ်များကို ရှောင်လွှဲနိုင်သည့် စူပါဉာဏ်ရည်ဖန်တီးရန် အပြိုင်အဆိုင် ကြိုးပမ်းမှုကိုလည်း လက်မခံကြောင်း ဖော်ပြထားသည်။




မိုက်ခရိုဆော့ဖ်က အဆိုပါ မူကြမ်းအပေါ် အကြံပြုချက်များနှင့် သဘောထားများကို လက်ခံသုံးသပ်ပြီး ယခုနှစ်နှောင်းပိုင်းတွင် ပြင်ဆင်ထားသော ကျင့်ဝတ်ကို ထုတ်ပြန်သွားမည်ဟု ဆိုသည်။ ထို့ပြင် ပြင်ဆင်ထားသောကျင့်ဝတ်ကို ၂၀၂၇ ခုနှစ်နှင့် နောက်ပိုင်းကာလများတွင် ၎င်း၏ AI လုပ်ငန်းများအတွက် လမ်းညွှန်မှုအဖြစ် အသုံးပြုသွားမည်ဟု မိုက်ခရိုဆော့ဖ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ မိဆာဝါလေတပ်စခန်းမှ အမေရိကန်ဒေါ်လာ သန်း ၁၁၀ ခန့်ရှိ Global Hawk မောင်းသူမဲ့ကင်းထောက်ဒရုန်းပျောက်ဆုံးမှု ရှာဖွေနေ

**တိုကျို စက်တင်ဘာ ၁၅**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JSDF) သည် တို့တိုရီခရိုင် ကမ်းလွန်တွင် စက်တင်ဘာ ၁၅ ရက်က အဆက်အသွယ်ပြတ်တောက်သွားသည့် အရွယ်အစားကြီးမားသော မောင်းသူမဲ့ကင်းထောက်ဒရုန်းတစ်စင်းကို ရှာဖွေနေကြောင်း သိရသည်။

Global Hawk မောင်းသူမဲ့ကင်းထောက်ဒရုန်းသည် အအိုမိုရီခရိုင် မိဆာဝါလေတပ်အခြေစိုက်စခန်းမှဖြစ်သည်။ ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (JASDF) က တို့တိုရီခရိုင် ကမ်းလွန်ကီလိုမီတာ ၅၀ ခန့်အကွာ မွန်းလွဲ ၁ နာရီဝန်းကျင်တွင် အဆိုပါ ဒရုန်းနှင့် အဆက်အသွယ်ပြတ်တောက်သွားကြောင်း၊ ထို့အပြင် ရေဒါမှလည်း ပျောက်ကွယ်သွားခဲ့ကြောင်းနှင့် ထိုကဲ့သို့ဖြစ်ပွားချိန်တွင် နိုင်ငံတကာရေပိုင်နက်တွင် ပျံသန်းနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဒရုန်းသည် လေ့ကျင့်ရေးမစ်ရှင်အတွက် ပျံသန်းလုပ်ဆောင်ခြင်းမဟုတ်သော်လည်း ပျံသန်းရသည့်အကြောင်းရင်းကို ထုတ်ဖော်ပြောကြားထားခြင်းမရှိပေ။ Global Hawk မောင်းသူမဲ့ကင်းထောက်ဒရုန်းသည် အလျား ၁၅ မီတာခန့် ရှည်လျားပြီး တောင်ပံအကျယ်မှာ မီတာ ၄၀ ခန့်ရှိသည်။ အဝေးထိန်းစနစ်ဖြင့် ပျံသန်း မောင်းနှင်နိုင်သည့်အပြင် ယင်းဒရုန်းသည် ၃၆ နာရီခန့်အထိ ဆက်တိုက်ပျံသန်းနိုင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ၎င်းတို့၏စုံစမ်းထောက်လှမ်းရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် ၂၀၁၅ ဘဏ္ဍာနှစ်တွင် Global Hawk ကို စတင်ဝယ်ယူခဲ့ပြီး လတ်တလောတွင် အဆိုပါဒရုန်းသုံးစင်းကို မိဆာဝါလေတပ်အခြေစိုက်စခန်း၌ ဖြန့်ကြက်ထားသည်။ ဒရုန်းတစ်စင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၁၁၀ ခန့်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




## IAEA အထွေထွေညီလာခံ အကြိမ် (၇၀) မြောက် အစည်းအဝေး ဗီယင်နာတွင် စတင်ကျင်းပ

**ဗီယင်နာ စက်တင်ဘာ ၁၅**

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ အကြိမ်(၇၀)မြောက်အထွေထွေညီလာခံကို ယမန်နေ့က ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ စတင်ကျင်းပခဲ့ပြီး ကမ္ဘာ့ပထဝီနိုင်ငံရေး တင်းမာမှုများမြင့်တက်နေချိန်တွင် ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေရန်နှင့် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက် မပြန့်ပွားရေးစနစ်ကို ထိန်းသိမ်းကာကွယ်ရန် ကြိုးပမ်းမှုများ အရှိန်မြှင့်ဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြသည်။

ကုလသမဂ္ဂ ဗီယင်နာရုံး ညွှန်ကြားရေးမှူးချုပ် မော်နီကာ ဂျူးမား ဖတ်ကြားသည့် သဝဏ်လွှာတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ယခုညီလာခံကို ကမ္ဘာတစ်ဝန်း ပြင်းထန်သောမတည်ငြိမ်မှုများနှင့် မရေရာမှုများ ကြုံတွေ့နေရသည့်အချိန်တွင် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ နျူကလီးယားစက်ရုံများအပေါ် တိုက်ခိုက်မှုများမြင့်တက်လာနေပြီး နျူကလီးယားလက်နက်မပြန့်ပွားရေးကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများမှာ ပိုမိုအားကောင်းလာသော်လည်း ယင်းပြန့်ပွားမှုကို တားဆီးထိန်းချုပ်ပေးသည့် အကာအကွယ်များမှာ အားနည်းလာနေကြောင်း ၎င်းက ဆိုသည်။

IAEA ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရော့စီကလည်း ညီလာခံတွင် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (NPT) သည် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားလက်နက် မပြန့်ပွားရေးစနစ်၏ အခြေခံအုတ်မြစ်အဖြစ် ဆက်လက်တည်ရှိနေကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

■

## နိုင်ဂျီးရီးယား၌ ဘတ်စ်ကားပေါ် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူ ကိုးဦး သေဆုံး

**အဘူဂျာ စက်တင်ဘာ ၁၅**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း ပလက်တိုပြည်နယ်တွင် သေနတ်သမားများက မော်တော်ဆိုင်ကယ်များ စီးနင်းလာပြီး ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လူ ကိုးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ပလက်တို ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဲလ်ဖရက် အာလာဘိုက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ဖြေကြားရာတွင် ပြည်နယ်မြို့တော် ဂျို့စ်မြို့သို့ ဦးတည် မောင်းနှင်လာသည့် ဘတ်စ်ကားကို စက်တင်ဘာ ၁၃ ရက်ညတွင် ဂျို့စ်တောင်ပိုင်းဒေသ အစိုးရအဖွဲ့နယ်မြေ ကူရူခရိုင်ရှိ ဒန်ဂက်စ်မြို့၌ သေနတ်သမားများ ကကြားဖြတ်တားဆီးကာ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပစ်ခတ်မှုကြောင့် လူ ခုနစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင်သေဆုံးခဲ့ပြီး နောက်ထပ်နှစ်ဦးမှာ ဆေးရုံသို့ပို့ဆောင်ကုသစဉ် သေဆုံးခဲ့သည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံ Zhuque-2E Y7 သယ်ဆောင်ရေးဒုံးပျံ အောင်မြင်စွာ လွှတ်တင်

**ကျိုချွမ် စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံသည် Zhuque-2E Y7 သယ်ဆောင်ရေးဒုံးပျံကို နိုင်ငံအနောက်မြောက်ပိုင်းရှိ တုန်ဖုန်းကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ အာကာသလုပ်ငန်း ဆန်းသစ်တီထွင်မှု ရှေ့ပြေးစမ်းသပ်ဇုန်မှ စက်တင်ဘာ ၁၅ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

ဒုံးပျံကို ပေကျင်းစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၆ မိနစ်တွင် လွှတ်တင်ခဲ့ပြီးနောက် အကြီးစားဂြိုဟ်တု ကွန်ရက်တည်ဆောက်ရန် အသုံးပြုမည့် ဆက်သွယ်ရေးဂြိုဟ်တု ၁၀ လုံးကို သတ်မှတ်ထားသည့် ပတ်လမ်းများအတွင်း အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ စမ်းသပ်ပျံသန်းမှု မစ်ရှင်သည် အပြည့်အဝ အောင်မြင်စွာ ပြီးစီးခဲ့ကြောင်း ကြေညာခဲ့သည်။

**ဆင်ဟွာ**

✤ *ကျောဖုံးမှ*

ဩဂုတ် ၂၁ ရက်ညပိုင်းတွင် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ One5one၊ buffalo 169၊ fujiu နှင့် Sport169 Game Website များတွင် Agent အကောင့် ခုနစ်ခုဖွင့်လှစ်၍ Online Game လောင်းကစားလုပ်ငန်းအား ဦးဆောင်လုပ်ကိုင်သူ အေးညွှာဏ်ပိုင်နှင့် တရားခံ အမျိုးသား ငါးဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၂၅ ဦးတို့အား အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော All In One Computer သုံးလုံး၊ System Box နှင့်တွဲလျက် Computer Desktop ရှစ်လုံး၊ Computer Desktop နှစ်လုံး၊ Laptop ၁၂ လုံး၊ ပရင်တာ တစ်လုံး၊ လက်ကိုင်ဖုန်း ၃၆ လုံး၊ Tablet ဖုန်း သုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ဩဂုတ် ၂၃ ရက်တွင် အေးညွှာဏ်ပိုင်နှင့် ပူးတွဲလုပ်ကိုင်သူ စိုင်းအောင်သူ(ခ)ဖိုးရှမ်းအား တာချီလိတ်မြို့၌ လက်ကိုင်ဖုန်း နှစ်လုံး၊ Tablet တစ်လုံးဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၃ ရက်ညနေပိုင်းတွင် အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်း အမှတ်(၃၈၈/၃၉၈) Golden Team Mansion အိမ်ရာ မြေညီထပ်ရှိ အခန်းအမှတ်(B6/B7)အား ဝင်ရောက်စစ်ဆေးခဲ့ရာ တရားခံ အင်ကြင်းမြိုင်အား "99 Legends Online Game" လောင်းကစားရာတွင် အသုံးပြုသော All in One Computer ၁၃ လုံး၊ Monitor ၁၆ လုံး၊ System Box ၁၅ လုံး၊ UPS ၄၈ လုံးနှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် "99 Legends Online Game" ၏ HR အဖြစ် ကြီးကြပ်လုပ်ကိုင်သူ နန်းဟွမ်ယုန်း(ခ)ရှန်းရှန်း(ခ)အစ်မအား ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် ဗိုလ်တေဇလမ်းနှင့် သစ္စာလမ်းထောင့်ရှိ နေအိမ်၌ လက်ကိုင်ဖုန်း တစ်လုံးနှင့် Tablet တစ်လုံးဖြင့်လည်းကောင်း၊ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် စီမံခန့်ခွဲလုပ်ကိုင်သူ အောင်ကျော်(ခ)AK အား ဗိုလ်တထောင်မြို့နယ် (၅) ရပ်ကွက် ဗိုလ်တထောင်ဘုရားလမ်း အမှတ်(၁၂၃/၁၂၅)၌ iPhone သုံးလုံး၊ iPad တစ်လုံး၊ Apple MacBook လေးလုံးတို့ဖြင့်လည်းကောင်း၊ စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် Leader အဖြစ်လုပ်ကိုင်သူ ခိုင်နှင်းဝေ(ခ)မခိုင်အား တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လက်ကိုင်ဖုန်းတစ်လုံးဖြင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ကျော်(ခ)AK အား စစ်ဆေးရာ ၎င်းသည် ၂၀၂၅ ခုနှစ် ဧပြီလခန့်မှစတင်၍ "99 Legends Online Game" လောင်းကစားလုပ်ငန်းအား ဖမ်းဆီးရန်ကျန်တရားခံဖြစ်သူ တရုတ်(တိုင်ပေ)မှ PI CHIEF YU (ခ) Jack Pi (ခ) JP ၏ စေခိုင်းမှုဖြင့်စတင်၍ စီမံခန့်ခွဲလုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ ခိုင်နှင်းဝေ(ခ)မခိုင်၊ နန်းဟွမ်ယုန်း(ခ)ရှန်းရှန်း(ခ)အစ်မ၊ အင်ကြင်းမြိုင်နှင့် ဖမ်းဆီးရန်ကျန်တရားခံ အမျိုးသားရှစ်ဦး၊ အမျိုးသမီး ခြောက်ဦးတို့က ဝန်ထမ်းများအဖြစ် ပူးပေါင်းပါဝင်လုပ်ကိုင်ခဲ့ကြပြီး အောင်ကျော်(ခ)AK မှရရှိသည့် လောင်းကြေးငွေများအား တရုတ်(တိုင်ပေ)မှ PI CHIEF YU (ခ) Jack Pi (ခ) JP ၏ Bank အကောင့်များသို့ လွှဲပြောင်းပေးပို့ရပြီး လောင်းကြေးအနိုင်အရှုံးစာရင်းများအား Telegram မှ တစ်ဆင့်ပေးပို့ရကြောင်း၊ ၎င်းတရုတ် (တိုင်ပေ) မှ PI CHIEF YU (ခ) Jack Pi (ခ) JP သည် ၂၀၂၅ ခုနှစ် ဧပြီ ၂၁ ရက်တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


အောင်ကျော် (ခ) AK အား ဆက်လက် စစ်ဆေးချက်အရ ၎င်းထံသို့ Online 1D/2D/3D လောင်းကြေးစာရင်းများ ပေးပို့ခဲ့သူ အောင်ဇင်ဦးနှင့် ရဲကျော်ကျော်တို့နှစ်ဦးအား စက်တင်ဘာ ၁ ရက် ညပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် ကျန်စစ်မင်းအိမ်ရာ အခန်းအမှတ်(၁၀၂)၌ လက်ကိုင်ဖုန်းနှစ်လုံး၊ မော်တော်ယာဉ် နှစ်စီးတို့ဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးကို စစ်ဆေးချက်အရ ယင်းတို့အား Online 1D/2D/3D လောင်းကစားလုပ်ငန်းများကို အောင်ကျော်(ခ) AK နှင့် ဆက်သွယ်လုပ်ကိုင်ရာတွင် ဦးဆောင်စေခိုင်း၍ နည်းပညာနှင့် ငွေကြေး ထောက်ပံ့ပေးသူမှာ တွံတေးမြို့ မင်းပိုင်းရပ်ကွက်နေ နိုင်ဝင်းထွန်း (ခ) နိုင်ဝင်းဖြစ်ကြောင်း၊ နိုင်ဝင်းထွန်း(ခ)နိုင်ဝင်းနှင့်အတူ ရှယ်ယာထည့်ဝင်လုပ်ကိုင်သူမှာ တေဇာအောင် (ခ) အောင်အောင်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် တေဇာအောင်(ခ) အောင်အောင်အား လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက် ကျန်စစ်မင်းအိမ်ရာ တိုက်(၂၀) အခန်းအမှတ်(၁၀၁)၌ လက်ကိုင်ဖုန်းသုံးလုံးဖြင့် လည်းကောင်း၊ စက်တင်ဘာ ၈ ရက် နေ့လယ်ပိုင်းတွင် နိုင်ဝင်းထွန်း (ခ)နိုင်ဝင်းအား တောင်ငူမြို့နယ် ကန်ရိုးကျေးရွာအနီးတွင် လက်ကိုင်ဖုန်းတစ်လုံးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် မဟာဗန္ဓုလလမ်းရှိ နိုင်ဝင်းထွန်း(ခ)နိုင်ဝင်း၏နေအိမ်မှ Online 1D/2D/3D လောင်းကစားရာတွင် အသုံးပြုသည့် Laptop နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ နိုင်ဝင်းထွန်း (ခ)နိုင်ဝင်း၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၈ ရက် ညပိုင်းတွင် Online 1D/2D/3D လုပ်ငန်းများအား ၎င်းမှတစ်ဆင့် လက်ခွဲလုပ်ကိုင်သည့် ၎င်း၏ညီဖြစ်သူ ကျော်စွာဝင်း(ခ)ကျော်ကျော်အား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက် နန္ဒဝန်လမ်းရှိ အိမ်အမှတ်(၉၁)၌ လည်းကောင်း၊ ၎င်း၏ စာရင်းကိုင်ဖြစ်သူ စန်းစပ္ပာယ်ဖူးအား လက်ကိုင်ဖုန်း တစ်လုံး၊ Laptop တစ်လုံးတို့နှင့် အတူ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။


ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အွန်လိုင်းအသုံးပြု၍ လောင်းကစားလုပ်ငန်းလုပ်ကိုင်သူ ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၃၆ ဦးတို့အား တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ၊ လက်ကိုင်ဖုန်း၊ ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ်နှစ်စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ အသုံးပြုလျက်ရှိသည့် Bank Account ၁၂ ခုမှ အွန်လိုင်းလောင်းကစားပြုလုပ်၍ ရရှိထားသည့် ငွေကျပ် ၃၉၆၈ သိန်းအား ထိန်းချုပ်ထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန်ကျန် တရားခံများ ဆက်လက်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် Agent Account ခုနစ်ခု ဖွင့်လှစ်၍ အွန်လိုင်းဂိမ်းလောင်းကစားလုပ်ငန်းအား ဦးဆောင်လုပ်ကိုင်သူ တရားခံ အေးညွှာဏ်ပိုင်ပါ တရားခံ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၉ ဦးတို့အား ဖမ်းဆီးရမိမှုအခြေပြဇယား**




**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေပြဇယား**



# မသန်စွမ်းမှုနှင့် တန်းတူပါဝင်ခွင့် အပိုင်း (၃)

## တန်းတူညီမျှမှုနှင့် သီးခြားအစီအမံများ

**မသန်စွမ်းသူများ တန်းတူပါဝင်နိုင်ရန် အတားအဆီးများကို ကြိုတင်ဖယ်ရှားခြင်းနှင့် တစ်ဦးချင်းလိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးခြင်းတို့မှာ အရေးကြီးသည်။ သို့သော် လူမှုဘဝတွင် ရေရှည်ဖယ်ထုတ်ခံခဲ့ရသည့် မသန်စွမ်းသူများအတွက် ထိုနည်းလမ်း နှစ်မျိုးတည်းဖြင့် အခွင့်အလမ်းကွာဟနေမှုများ အလိုအလျောက် ပျောက်ကွယ်သွားမည် မဟုတ်ပေ။ ထို့ကြောင့် လက်တွေ့တန်းတူညီမျှမှု ရရှိလာစေရန် သီးခြားအစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်လာနိုင်သည်။ တစ်ပုံစံတည်း ဆက်ဆံခြင်းက အမြဲတမ်းမျှတပါသလား။**

မင်းသုတ(ခနုဖြူ)

လူတိုင်းကို တူညီသောစည်းမျဉ်းဖြင့် ဆက်ဆံလိုက်လျှင် တရားမျှတသွားပြီဟု ယူဆလေ့ရှိကြသည်။ သို့သော် တစ်ဦးချင်းစီ၏ အခြေအနေချင်း မတူညီပါက တူညီသော စည်းမျဉ်းတစ်ခုတည်းကပင် ရှိရင်းစွဲ အခွင့်အလမ်းကွာဟမှုကို ဆက်လက်တည်မြဲစေနိုင်သည်။ ထို့ကြောင့် အခွင့်အရေးကို စာရွက်ပေါ်တွင် တူညီစွာ သတ်မှတ်ပေးထားခြင်းနှင့် လက်တွေ့ဘဝတွင် တန်းတူအသုံးချနိုင်ခြင်းတို့ကို ခွဲခြားနားလည်ရမည်ဖြစ်သည်။

ဥပမာအားဖြင့် အလုပ်လျှောက်ထားသူအားလုံးကို အွန်လိုင်းလျှောက်လွှာတစ်မျိုးတည်း ဖြည့်စေသည်ဟု ဆိုကြပါစို့။ ထိုလျှောက်လွှာကို အသံထွက်နည်းပညာဖြင့် အသုံးပြု၍ မရပါက အမြင်အာရုံမသန်စွမ်းသူသည် အရည်အချင်းပြည့်မီသော်လည်း အလုပ်လျှောက်ထားခွင့် ဆုံးရှုံးရမည်ဖြစ်သည်။ စည်းမျဉ်းတူညီနေခြင်းက အခွင့်အလမ်းကို တန်းတူအသုံးချနိုင်မည်ဟု အာမခံချက်မပေးနိုင်ကြောင်း ဤဥပမာက ဖော်ပြနေသည်။

အလားတူ စာမေးပွဲဆိုင်ရာ ညွှန်ကြားချက်များကို ကျောင်းသားအားလုံးအတွက် အသံဖြင့်သာ ရှင်းပြခြင်းသည် လူတိုင်းကို တူညီစွာဆက်ဆံသကဲ့သို့ ထင်ရနိုင်သည်။ သို့သော် အကြားအာရုံမသန်စွမ်းသူအတွက် ညွှန်ကြားချက်များကို စာသားဖြင့် ဖော်ပြခြင်း သို့မဟုတ် လက်သင်္ကေတပြဘာသာစကား စကားပြန် စီစဉ်ပေးခြင်းမရှိပါက အခြားသူများနှင့် တန်းတူ စာမေးပွဲဖြေဆိုနိုင်မည် မဟုတ်ပေ။ စာမေးပွဲ၏ အဆင့်အတန်းကို မပြောင်းလဲဘဲ သက်ဆိုင်ရာကျောင်းသား၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် နည်းလမ်းဖြင့် ညွှန်ကြားချက်များကို ရှင်းပြပေးမှသာ တန်းတူဖြေဆိုခွင့်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

### သီးခြားအစီအမံ

မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အပိုဒ် ၅၊ အပိုဒ်ခွဲ ၄ တွင် လက်တွေ့တန်းတူညီမျှမှု ရရှိစေရန် သို့မဟုတ် တန်းတူညီမျှမှု ရရှိရေးကို အရှိန်မြှင့်တင်ရန် လိုအပ်သည့် သီးခြားအစီအမံများကို ခွဲခြားဆက်ဆံမှုအဖြစ် သတ်မှတ်ခြင်း မပြုရကြောင်း ဖော်ပြထားသည်။ ထိုပြဋ္ဌာန်းချက်တွင် သုံးထားသည့် အင်္ဂလိပ်အသုံးအနှုန်းမှာ Specific Measures ဖြစ်ပြီး Special Treatment မဟုတ်ပေ။

သီးခြားအစီအမံဆိုသည်မှာ မသန်စွမ်းသူများကို အခြားသူများထက် ပိုမိုသာလွန်သည့် အခွင့်အရေးများ ရရှိစေရန် သို့မဟုတ် လူ့အဖွဲ့အစည်းမှ သီးခြားဖယ်ထုတ်ထားရန် ရည်ရွယ်ခြင်းမဟုတ်ပေ။ ပညာရေး၊ အလုပ်အကိုင်နှင့် လူမှုဘဝတို့တွင် အတားအဆီးများကြောင့် ရေရှည်ပါဝင်ခွင့်နည်းပါးခဲ့သည့် အခြေအနေများကို ပြန်လည်ကုစား၍ အခြားသူများနှင့် တန်းတူပါဝင်နိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ဥပမာအားဖြင့် တက္ကသိုလ်ပညာ သင်ယူနိုင်သည့် မသန်စွမ်းသူ နည်းပါးနေပါက သီးခြားပညာသင်ဆုများ စီစဉ်ပေးနိုင်သည်။ အလုပ်အကိုင်ရရှိရန် လိုအပ်သည့် အတွေ့အကြုံများ ရရှိစေရန် လုပ်ငန်းခွင် လေ့ကျင့်ရေးအစီအစဉ်များ ဖွင့်လှစ်ပေးနိုင်သည်။ အလားတူ အရည်အချင်းပြည့်မီသည့် မသန်စွမ်းသူများ အလုပ်အကိုင်တွင် တန်းတူပါဝင်ခွင့် ရရှိစေရန် သင့်လျော်သည့် ခွဲတမ်းသတ်မှတ်ခြင်းသည်လည်း သီးခြားအစီအမံတစ်မျိုးဖြစ်သည်။

> **“ မသန်စွမ်းသူတစ်ဦးချင်းစီ၏ အခြေအနေ၊ ဆန္ဒနှင့် လိုအပ်ချက်များသည် တူညီကြသည် မဟုတ်ပေ။ ထို့ကြောင့် မသန်စွမ်းသူဖြစ်သည်ဟူသော အချက်တစ်ခုတည်းဖြင့် ကြိုတင်ဆုံးဖြတ်ခြင်းမပြုဘဲ သက်ဆိုင်ရာ မသန်စွမ်းသူ၏ အတွေ့အကြုံ၊ ဆန္ဒနှင့် လိုအပ်ချက်တို့ကို နားထောင်ရမည်။ တစ်ဦးချင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသကဲ့သို့ ပါဝင်ခွင့်ကို ဟန့်တားနေသည့် ပတ်ဝန်းကျင်၊ စည်းမျဉ်းစနစ်နှင့် စိတ်သဘောထားများကိုလည်း ပြောင်းလဲရမည်။ ထိုသို့ဆောင်ရွက်နိုင်မှသာ တန်းတူအခွင့်အရေးသည် စာရွက်ပေါ်က ပြဋ္ဌာန်းချက်အဖြစ်သာ ကျန်ရှိနေမည် မဟုတ်ဘဲ လက်တွေ့ဘဝတွင် အပြည့်အဝခံစား အသုံးချနိုင်သည့် အခွင့်အရေး ဖြစ်လာမည် ”**

### ခွဲတမ်းက မည်သည့်အချိန် တန်းတူညီမျှမှုကို အထောက်အကူပြုပါသလဲ

ကုလသမဂ္ဂကော်မတီ၏ ၂၀၁၈ ခုနှစ် တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုမရှိရေးဆိုင်ရာ အထွေထွေရှင်းလင်းချက် အမှတ် ၆၊ အပိုဒ် ၂၈ တွင် ခွဲတမ်းစနစ်ကို တန်းတူညီမျှမှု မြှင့်တင်ရန် အသုံးပြုနိုင်သည့် သီးခြားအစီအမံတစ်မျိုးအဖြစ် ဖော်ပြထားသည်။ သို့သော် ခွဲတမ်းသတ်မှတ်ထားသည်ဆိုရုံဖြင့် အစီအစဉ်တိုင်း တရားမျှတသည်ဟု မဆိုနိုင်ပေ။ ရည်ရွယ်ချက်၊ ဆောင်ရွက်ပုံနှင့် လက်တွေ့အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းသုံးသပ်ရမည်ဖြစ်သည်။

အလုပ်အကိုင်ခွဲတမ်း သတ်မှတ်ရာတွင် အရည်အချင်းပြည့်မီသူများ အလုပ်အကိုင်ရရှိရေး၊ လုပ်ငန်းခွင်တွင် လိုအပ်သည့် အထောက်အပံ့ရရှိရေး၊ ရာထူးတိုးတက်ခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့နိုင်ရေးတို့ကိုပါ စဉ်းစားရမည်။ သတ်မှတ်ထားသည့် အရေအတွက် ပြည့်မီစေရန်သာ ခန့်ထားပြီး အမှန်တကယ်လုပ်ကိုင်ရမည့် တာဝန်မပေးခြင်း သို့မဟုတ် တိုးတက်ခွင့်မရှိသည့် နေရာများတွင်သာ ခန့်ထားခြင်းတို့ဖြင့် တန်းတူညီမျှမှုကို ဖော်ဆောင်နိုင်မည်မဟုတ်ပေ။

ခွဲတမ်းစနစ်သည် မသန်စွမ်းသူများကို အလုပ်အကိုင်အမျိုးအစားတစ်ခုတည်းတွင် ကန့်သတ်ထားရန်လည်း မဟုတ်ပေ။ အမြင်အာရုံမသန်စွမ်းသူကို အကြောပြင်အနှိပ် လုပ်ငန်းတစ်မျိုးတည်းသာ လုပ်ကိုင်နိုင်သူဟု ယူဆခြင်း သို့မဟုတ် အကြားအာရုံမသန်စွမ်းသူကို အခြားသူများနှင့် ပြောဆိုဆက်ဆံခြင်းမပြုရသည့် အလုပ်များတွင်သာ ခန့်ထားခြင်းတို့သည် မှားယွင်းသည့် ပုံသေအယူအဆများကို ပိုမိုခိုင်မာစေနိုင်သည်။ ခွဲတမ်းစနစ်၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူများ၏ ရွေးချယ်ခွင့်ကို ကန့်သတ်ရန်မဟုတ်ဘဲ အရည်အချင်းနှင့် စိတ်ပါဝင်စားမှုအလိုက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန် ဖြစ်သည်။

### နည်းလမ်းသုံးမျိုးကို ရောထွေးမသတ်မှတ်သင့်ပါ

အဆောက်အအုံနှင့် သတင်းအချက်အလက်တို့ကို လူတိုင်း အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်းသည် အလွယ်တကူသွားလာနေထိုင်အသုံးပြုနိုင်ရေးနှင့် သက်ဆိုင်သည်။ အလုပ်အင်တာဗျူးတွင် အကြားအာရုံမသန်စွမ်းသူအတွက် လက်သင်္ကေတပြဘာသာစကား စကားပြန်စီစဉ်ပေးခြင်းသည် တစ်ဦးချင်းလိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးခြင်းဖြစ်သည်။ မသန်စွမ်းသူများ၏ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် ခွဲတမ်းသတ်မှတ်ခြင်းကမူ သီးခြားအစီအမံတစ်ရပ်ဖြစ်သည်။

နည်းလမ်းသုံးမျိုးသည် တန်းတူပါဝင်ခွင့် ရရှိစေရန် ရည်ရွယ်သော်လည်း ဆောင်ရွက်ရမည့်အချိန်၊ အကျိုးခံစားရသူနှင့် ဖြေရှင်းလိုသည့် အခက်အခဲတို့ မတူညီကြပေ။ လူအများအတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သော်လည်း တစ်ဦးချင်းလိုအပ်ချက်အလိုက် ထပ်မံပြင်ဆင်စီစဉ်ပေးရန် လိုအပ်နိုင်သည်။ အလားတူ ခွဲတမ်းသတ်မှတ်ထားခြင်းကြောင့် လုပ်ငန်းခွင်ကို အလွယ်တကူအသုံးပြုနိုင်ရေးနှင့် တစ်ဦးချင်းလိုအပ်ချက်အလိုက် ပြင်ဆင်စီစဉ်ပေးရေးတို့ မလိုအပ်တော့ဟု မယူဆနိုင်ပေ။

### မြန်မာ့ဥပဒေနှင့် လက်တွေ့အကောင်အထည်ဖော်ရေး

မြန်မာနိုင်ငံ၏ မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅)တွင် ပုဒ်မ ၂၀ သည် မသန်စွမ်းသူများ၏ ပညာသင်ယူခွင့်ကို အသိအမှတ်ပြုထားပြီး ပုဒ်မ ၂၃ သည်လည်း ဘာသာရပ်ဆိုင်ရာ လိုအပ်ချက်မှတစ်ပါး မသန်စွမ်းမှုကို အကြောင်းပြု၍ ကျောင်းဝင်ခွင့် ငြင်းပယ်ခြင်းကို တားမြစ်ထားသည်။

ပုဒ်မ ၂၈ အရ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၌ အလွယ်တကူသွားလာနေထိုင် အသုံးပြုနိုင်ရေးအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။ ပုဒ်မ ၃၅ အရလည်း တန်းတူ အလုပ်လုပ်ကိုင်ခွင့်၊ အလုပ်ခန့်ထားရာတွင် ခွဲခြားဆက်ဆံမှုမရှိရေးနှင့် လုပ်ငန်းခွင်၌ သင့်လျော်သည့် အစီအစဉ်များ ဆောင်ရွက်ပေးရေးတို့အတွက် ယင်းအမျိုးသားကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ မူဝါဒနှင့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ပြီး ကြီးကြပ်ကွပ်ကဲရမည်ဖြစ်သည်။

သို့သော် ဥပဒေပြဋ္ဌာန်းထားရုံဖြင့် တန်းတူညီမျှမှု အလိုအလျောက် ပေါ်ပေါက်လာမည် မဟုတ်ပေ။ ဝင်ခွင့်လျှောက်လွှာ၊ သင်ကြားရေးစာရွက်စာတမ်း၊ အင်တာဗျူးနေရာ၊ သယ်ယူပို့ဆောင်ရေးနှင့် လုပ်ငန်းခွင်တို့ကို မသန်စွမ်းသူများ အမှန်တကယ် အသုံးပြုနိုင်ရန် စီစဉ်ပေးရမည်။ သီးခြားအစီအမံများ၏ ထိရောက်မှုကိုလည်း သတ်မှတ်အရေအတွက် ပြည့်မီခြင်းတစ်ခုတည်းဖြင့် မဟုတ်ဘဲ ပညာသင်ယူနိုင်မှု၊ အလုပ်လုပ်ကိုင်နိုင်မှုနှင့် ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်နိုင်မှုတို့ မည်မျှတိုးတက်လာသည်ကို ကြည့်၍ အကဲဖြတ်ရမည် ဖြစ်သည်။

မသန်စွမ်းသူတစ်ဦးချင်းစီ၏ အခြေအနေ၊ ဆန္ဒနှင့် လိုအပ်ချက်များသည် တူညီကြသည် မဟုတ်ပေ။ ထို့ကြောင့် မသန်စွမ်းသူဖြစ်သည်ဟူသော အချက်တစ်ခုတည်းဖြင့် ကြိုတင်ဆုံးဖြတ်ခြင်းမပြုဘဲ သက်ဆိုင်ရာ မသန်စွမ်းသူ၏ အတွေ့အကြုံ၊ ဆန္ဒနှင့် လိုအပ်ချက်တို့ကို နားထောင်ရမည်။ တစ်ဦးချင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသကဲ့သို့ ပါဝင်ခွင့်ကို ဟန့်တားနေသည့် ပတ်ဝန်းကျင်၊ စည်းမျဉ်းစနစ်နှင့် စိတ်သဘောထားများကိုလည်း ပြောင်းလဲရမည်။ ထိုသို့ဆောင်ရွက်နိုင်မှသာ တန်းတူအခွင့်အရေးသည် စာရွက်ပေါ်က ပြဋ္ဌာန်းချက်အဖြစ်သာ ကျန်ရှိနေမည်မဟုတ်ဘဲ လက်တွေ့ဘဝတွင် အပြည့်အဝခံစား အသုံးချနိုင်သည့် အခွင့်အရေးဖြစ်လာမည် ဖြစ်သည်။

### ကိုးကားစာရင်း


၁။ ကုလသမဂ္ဂအထွေထွေညီလာခံ။ (၂၀၀၆)။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း။ အထွေထွေညီလာခံ ဆုံးဖြတ်ချက် အမှတ် A/RES/61/106။

United Nations General Assembly. (2006). Convention on the Rights of Persons with Disabilities. General Assembly Resolution A/RES/61/106.

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ။ (၂၀၁၄)။ အထွေထွေ ရှင်းလင်းချက် အမှတ် ၂ – အပိုဒ် ၉၊ အလွယ်တကူ သွားလာနေထိုင် အသုံးပြုနိုင်ရေး။ စာတမ်းအမှတ် CRPD/C/GC/2။

Committee on the Rights of Persons with Disabilities. (2014). General Comment No. 2 (2014), Article 9: Accessibility. CRPD/C/GC/2.

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ။ (၂၀၁၈)။ အထွေထွေ ရှင်းလင်းချက် အမှတ် ၆ – တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုမရှိရေး။ စာတမ်းအမှတ် CRPD/C/GC/6။

Committee on the Rights of Persons with Disabilities. (2018). General Comment No. 6 (2018) on Equality and Non–Discrimination. CRPD/C/GC/6.

၄။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့။ (၂၀၀၁)။ လုပ်ဆောင်နိုင်စွမ်း၊ မသန်စွမ်းမှုနှင့် ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာအမျိုးအစားခွဲခြားမှု။ ဂျီနီဗာ။

World Health Organization. (2001). International Classification of Functioning, Disability and Health. Geneva: World Health Organization.

၅။ ပြည်ထောင်စုလွှတ်တော်။ (၂၀၁၅)။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၀/၂၀၁၅။ ၂၀၁၅ ခုနှစ် ဇွန်လ (၅) ရက်နေ့။

## သမဝါယမစနစ်ဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေးစီမံကိန်းအကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး



ညောင်ရွှေ စက်တင်ဘာ ၁၅

ညောင်ရွှေမြို့နယ်အတွင်း သမဝါယမစနစ်ဖြင့် စနစ်ကျသော စိုက်ပျိုးရေးစီမံကိန်း အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ပြုလုပ်ရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်ထွန်းက စီမံကိန်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များ ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ပေါင်မြို့နယ်၌ အခြေခံပညာ အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ပေါင် စက်တင်ဘာ ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာ အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က မြို့မအားကစားကွင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဝင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းခိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြပြီး ဒုတိယမြို့နယ်ပညာရေးမှူးက ပြိုင်ပွဲဝင် အားကစားသမားများအား စည်းမျဉ်း စည်းကမ်းဘောင်အတွင်း ကြိုးစား ယှဉ်ပြိုင်ကြရန်နှင့် အားကစား စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်သွားကြရန် မှာကြားကာ ပြိုင်ပွဲများကို အောက်တိုဘာ ၅ ရက်အထိ ဘောလုံးအသင်း ၁၆ သင်း ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာ၌ "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ပြည်သူ့စကားဝိုင်းဆွေးနွေး

စဉ့်ကိုင် စက်တင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ "ကျေးလက်ဒေသ ဖွံ့ဖြိုးရေး" ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က မီးသွေးဘုတ်ကျေးရွာဓမ္မာရုံ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များ မေးမြန်းချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။



**ကျော်စွာ(စဉ့်ကိုင်)**



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရေကြောင်းရဲတပ်ဖွဲ့၊ အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ (ရန်ကုန်)မှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး လှမိုး ဦးစီး၍ အရာရှိ/အခြားအဆင့်စုစုပေါင်းတပ်ဖွဲ့ဝင် ၇၂ ဦးသည် ဗိုလ်တထောင်မြို့နယ် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဘုရားရင်ပြင်တော် သန့်ရှင်းရေးပြုလုပ်ခြင်း၊ အရံစေတီငယ်များအား ရေသပ္ပာယ်ခြင်းနှင့် စုပေါင်းအလှူငွေ ထည့်ဝင်ခြင်းကို စက်တင်ဘာ ၁၂ ရက်က ကုသိုလ်ပြုဆောင်ရွက်စဉ်။ မောင်ကျော်ကြီး



ရွှေတောင်မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၃ ရက်က မဟာရွှေဂူကြီးဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ ရွှေတောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စန်းနုနှင့် တပ်ဖွဲ့ဝင်များက မဟာရွှေဂူကြီးဘုရားအတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်စဉ်။ ကိုကိုမင်း (ပြန်/ဆက်)

## ညောင်ရွှေ-ကင်းတား ကျေးရွာချင်းဆက်ကတ္တရာလမ်းခင်း

ပျော်ဘွယ် စက်တင်ဘာ ၁၅

ရန်ကုန်-မန္တလေးကားလမ်းမနှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ညောင်ရွှေ-ကင်းတားကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၁၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်ဇေယျာဝင်းက အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ အဆိုပါ ကတ္တရာလမ်းခင်းခြင်းကို တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၇ ဒသမ ၉၅၀ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက ကျေးရွာပေါင်းခုနစ်ရွာ အဆင်ပြေလွယ်ကူချောမွေ့စွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





လားရှိုးမြို့၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်က ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားသွေးလှူဘဏ်၌ တပ်ဖွဲ့ဝင်၊ မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းရာ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေမျိုးထွဋ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝေဖြိုးနိုင်၊ လားရှိုးပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။ ခရိုင် (ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်းမှကျောင်းအုပ်ကြီး ရဲမှူးကြီး ဇော်မိုး ဦးဆောင်၍ တပ်ဖွဲ့ဝင် ၇၅ ဦး၊ မိသားစုဝင်ငါးဦး စုစုပေါင်း ၈၀ တို့သည် အောင်ပန်းမြို့အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် ၇၀၀ အတွက် လိုအပ်လျက်ရှိသောသွေးများကို စုပေါင်းသွေးလှူဒါန်းစဉ်။ စိုင်းသန်းကျော်(တောင်ကြီး)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက်က မြစ်ကြီးနားမြို့ အမှတ်(၁) တပ်တော်စစ်ဆေးရုံ ခုတင် (၃၀၀)၌ စုပေါင်းသွေးလှူဒါန်းကြရာ အမှတ်(၃၀) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ အရာရှိ၊ အရာခံ၊ တပ်ကြပ်များနှင့် တပ်ဖွဲ့ဝင် မိသားစုများက အရေးပေါ်သွေးလိုအပ်သည့် လူနာများအတွက် စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)



(၆၂) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့နယ် ပေါင်းတလည်နယ်မြေရဲစခန်းမှ ရဲအုပ် မင်းသက် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက်တွင် ပေါင်းတလည်မြို့ရှိ သဒ္ဓမ္မမဉ္ဇူ ဘုန်းကြီးကျောင်း၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ဝဏ္ဏထွန်း (ပြန်/ဆက်)

❊ *ကျောဖုံးမှ*

နယူးကာဆယ်အသင်းသည် ခံစစ်ပိုင်းအားနည်းမှုနှင့်အတူ ပွဲချိန် ၁၉ မိနစ်တွင် အဓိကကွင်းလယ်ကစားသမား ဂွန်ဇာလက် ထိခိုက်ဒဏ်ရာရရှိပြီး လူစားလဲခဲ့ရသည့်အတွက် အသင်းကစားပုံဟန်ချက်ပျက်ကာ သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် နယူးကာဆယ်အသင်း ခြေစွမ်းကောင်းအချို့ပြသနိုင်ခဲ့သော်လည်း ချေပဂိုးများ ရယူနိုင်သည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ နယူးကာဆယ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ငါးမှတ်ရရှိထားသည်။

ပြိုင်ဘက် လိဒ်စ်အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရမှတ် ရှစ်မှတ်စုဆောင်း ရရှိထားပြီဖြစ်သည်။ လာမည့် ပွဲစဉ်တွင် လိဒ်စ်က ခရစ္စတယ်ပဲလေ့စ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နယူးကာဆယ်က ဟားလ်စီးတီးနှင့် ယှဉ် ပြိုင်ကစားရမည် ဖြစ်သည်။ ပရီမီယာလိဂ် ပွဲစဉ် (၄) အပြီးတွင် အာဆင်နယ်က မန်စီးတီးအသင်းနှင့် ရမှတ် ၁၂ မှတ်တူ ဂိုးကွာခြားချက်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ **အောင်ဇော်**

## ပြည်မြို့၌ နယ်လှည့်အသိပညာပေးဟောပြောပွဲ ကျင်းပ



ပြည် စက်တင်ဘာ ၁၅

ပြည်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အထက (၃) မြတ်ရတနာပန်းခင်းခန်းမ ၌ ကျင်းပရာ အထက(၃) ကျောင်းအုပ်ဆရာမကြီးက စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားပြီး စာရေးဆရာကြီး ကနောင်နိုင်နွယ်ဦးနှင့် ပြည်မြို့နယ် စာရေးဆရာအသင်းဝင် စာရေးဆရာကြီး မောင်နေခြည်တို့က စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် နံ့ရံကပ်စာစောင်များ၊ စာအုပ်စာစောင်များ ပြသခဲ့ရာ တက်ရောက်လာကြသူများက ဖတ်ရှုလေ့လာခဲ့ကြသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးဦးနှင့် ရဲတပ်ဖွဲ့ဝင်များက အမှတ် (၆) ရပ်ကွက် စိန်ပန်းပတ်လမ်းရှိ သမ္ဗာသမ္ဗုဒ္ဓစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ရဲကိုမောင်(ပြန်/ဆက်)

## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်



မိုင်းယောင်း စက်တင်ဘာ ၁၅

မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယမန်နေ့နံနက်ပိုင်းတွင် အမက(နားဖန်း)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်း၊ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ဝန်ထမ်းများက မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးအလုပ်သမား ပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေး၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေး၊ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ သိကောင်းစရာများကို ဟောပြောသည်။ ထို့နောက် အသိပညာပေးနံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲများကို ခင်းကျင်းပြသခဲ့သည်။

ဝေဝေခိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၄ ရက်တွင် ရွှေဘိုပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြရာ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည့် အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

## ကျိုက်လတ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်



ကျိုက်လတ် စက်တင်ဘာ ၁၅

ကျိုက်လတ်မြို့နယ်၌ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းပပကျော်တို့က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များဖြစ်သည့် ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များ၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ လေဘေး၊ ရေဘေး၊ မီးဘေးစသည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ချက်များ၊ သတိပြုလိုက်နာဆောင်ရွက်ရန် အချက်များနှင့် ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရန်အချက်များကို သင်တန်းသား သင်တန်းသူ ၃၀ အား စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၅ ရက်က ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေအောင်လွင် ဦးဆောင်၍ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဇောခိကုန်းရပ်ကွက် ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဝင်း အတွင်းနှင့် အပြင်တို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဝတ်ရည်(ပြန်/ဆက်)

## မိုင်းယန်းမြို့နယ်၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



ကျိုင်းတုံ စက်တင်ဘာ ၁၅

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မိုင်းယန်းမြို့နယ် ဟော်ကန်-ပါမိုင်-ဝမ်ယန်းကျောက်လမ်း ၂/၅ မိုင်အနက် ၀/၄ မိုင်ကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက စက်တင်ဘာ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းဆောင်ရွက်ပြီးပါက မိုင်းယန်းမြို့နယ်အတွင်း ကျေးရွာ သုံးရွာနေ ပြည်သူများအနေဖြင့် ဒေသတွင်းရှိ ထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ကိုစိုင်း

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်
တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်
အခုချိန်စိုက် နောက်မကျ
ဒုတိယအကြိမ် အကောင်းဆုံးပ။

## သထုံမြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

သထုံ စက်တင်ဘာ ၁၅

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၁၉၈ သန်းဖြင့် တာဝန်ယူဆောင်ရွက်နေသည့် နောင်ကုလား - ဘူဒင်းချောင်လမ်း



ကတ္တရာလမ်း ခင်းရန်အတွက် Sub-base အလွှာ ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ပြည်နယ်တာဝန်ခံ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၄ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းကို ဩဂုတ် ၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက်တွင် လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာနယ် ထွက်ရှိ



၁၅-၉-၂၀၂၆ ရက်နေ့ထုတ် အတွဲ (၂၃)၊ အမှတ် (၁၈) တွင်
- ကရင်ပြည်နယ်အတွင်းသို့ ခရီးသွားများ စိတ်အေးချမ်းသာစွာ လာရောက်လည်ပတ်နိုင်
- မြန်မာ့ရိုးရာလက်မှုပစ္စည်းများကို နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစားဝယ်ယူ
- လူငယ်တွေ စာဖတ်ကြပါ
- တောင်သူများ အဆင်ပြေစေရန် တိုက်ရိုက်ဈေးကွက် ချိတ်ဆက်မှုစနစ် ဆောင်ရွက်ပေးရန်လို
- လယ်ယာကဏ္ဍ စက်သုံးဆီ လိုအပ်ချက်မရှိရန် ဆန်စပါးအသင်းချုပ် တိုးမြှင့်ဆောင်ရွက်
- ဈေးကွက်ဝင်မှုနှင့် စီးပွားရေးအလားအလာကောင်းသော စားတော်ပဲ
- အေအိုင်၏ ဆိုးကျိုးများအား ကာကွယ်နိုင်ရန် Google နှင့် ဂျပန်တို့ ပူးပေါင်းမည်
- ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးများ ပိုမိုဖြစ်ပေါ်လာနိုင် စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတ ရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၅၀၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက် မွန်းလွဲ (၂:၀၀) နာရီတွင် UMFCCI မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံးမှ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

### အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အမက သဲတော(၂) Grade-2 မှ မောင်ဖွဲ့ပြည့်ဟိန်း အား ယနေ့မှစ၍ မောင်စွမ်းသုတထွန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စွမ်းသုတထွန်း**

### ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ မုန်တောင်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း Grade-12 မှ မဆုန်သင်းမာ ၏ဖခင် ဦးဘိုကြီး၏ အမည်မှန်မှာ ဦးဇော်မင်း ၈/မဘန(နိုင်) ၀၈၇၀၁၇ ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

### အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်နေ (ဘ) ဦးအောင်ရဲကျော် ၁၁/စတန(နိုင်)၀၂၀၀၁၅ ၏ သမီးဖြစ်သူ မစောကလျာနွယ်၏ အမည်မှန်မှာ မချိုချိုလှိုင် ဖြစ်ပါကြောင်း။

**မချိုချိုလှိုင်**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၄၁၀)၊ မြေအကျယ်အဝန်းပေ (၄၀ x ၆၀)ရှိ ဒေါ်ဦးတင်ဝင်း(I/TRN-၀၀၂၉၀၂) အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေအကျယ်အဝန်း ပေ (၂၀ x ၆၀)ရှိ မြေချပါမစ် (မိတ္တူခြမ်း) မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးတင်ဝင်း အမည်ပေါက် မြေချပါမစ်မိတ္တူ၊ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ် အဆက်စပ်များနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ချောစုစုလတ် (၁၂/ကမရ(နိုင်)၀၀၀၃၈၃)မှ အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ မခင်ဖြိုးဝေ ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဒေဝီ (LL.B)** | **ဒေါ်ကြည်ဖြူသန့် (LL.B)** |
| **အထက်တန်းရှေ့နေ (စဥ်-၅၃၄၃၁/၂၀၂၀)** | **အထက်တန်းရှေ့နေ (စဥ်-၅၃၆၂၁/၂၀၂၀)** |

**အမှတ်(၉၁၃)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၃၀၆၀၅၀၈၊ ၀၉-၉၆၇၆၂၆၈၁၂**

### မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့ | ရပ်/ကျေး | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်အမာနီ | ပုသိမ် | အမှတ်(၅) | ၆၈-က/ထောင်ကြီး | ၄၈-ဃ | ၀.၀၂၄ | သက်တမ်းတိုး |
| ၂ | ဦးချမ်းမင်း | ပုသိမ် | အမှတ်(၆) | ၁၀၉/ရွှေဘိုတပ် | ၁၅၄ | ၀.၀၄၃ | အမည်ပြောင်း |
| ၃ | ဦးစန်းငွေ | ပုသိမ် | အမှတ်(၃) | ၂၈/ပိန္နဲကုန်း | ၄၉-ဆ | ၀.၀၄၉ | အသစ် |
| ၄ | ဦးခင်မောင်အေး | ပုသိမ် | အမှတ်(၁၂) | ၆၆-က/ရေကြည် ရေနောက် | ဘီ-၂၉ | ၀.၀၅၅ | သက်တမ်းတိုး |
| ၅ | ဦးစောမင်းထိုက်ဦး ပါ(၃)ဦး | ပုသိမ် | အမှတ်(၈) | ၃၁/ကံသုံးဆင့် အနောက် | ၅၄ | ၀.၁၁၀ | အမည်ပြောင်း/တိုး |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့ | ရပ်/ကျေး | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးဇော်မျိုးနိုင် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | R-၄/ခ | ၀.၁၅၂ | အသစ် |
| ၂ | ဦးမင်းညို | ပုသိမ် | ဇင်ပြွန်းကုန်း | ၃၃/သစ်ပုတ်ကုန်း | ၁၂၈ | ၀.၀၆၉ | အသစ် |
| ၃ | ဦးမင်းညို | ပုသိမ် | ဇင်ပြွန်းကုန်း | ၃၃/သစ်ပုတ်ကုန်း | ၁၂၅ | ၀.၀၇၂ | အသစ် |
| ၄ | ဦးနေလင်းထွန်းပါ (၂)ဦး | ပုသိမ် | အမှတ်(၁) | ၅၀/အကောက် ဆိပ်တောင် | ၄၄ | ၀.၀၅၅ | အမည်ပြောင်း |
| ၅ | ဒေါ်အေးစန္ဒာညွန့် | ပုသိမ် | အမှတ်(၃) | ၃၂/ကိုးသိန်းမြောက် | ၁၆/၃၃ | ၀.၀၄၉ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ပိတောက်မြိုင်လမ်း၊ မြေကွက်အမှတ် (၈၁၅)၊ မြေအကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးအောင်နိုင်(KPG-၁၃၉၆၁၂) အမည်ပေါက်မြေချပါမစ်မြေကွက်ကြီးအနက် မှ တရားဝင် မခွဲမစိတ်ရသေးသော(လမ်းထောင့်ဘက်ခြမ်း) ပေ(၂၀x၆၀)ရှိမြေချပါမစ်(မူရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးအောင်နိုင်အမည်ပေါက် မြေချပါမစ်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ် ကတိစာချုပ်အဆက်စပ်များနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူဦးအောင်ကျော်ဇော(၁၂/လသန(နိုင်)၀၂၀၃၄၅)မှ အရှုပ်အရှင်းကင်းစွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်မမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါကအရောင်း အဝယ်ကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အင်ကြင်း (၁၄/တမန(နိုင်)၁၀၇၃၄၁)၊ ဖုန်း-၀၉-၂၅၂၆၀၇၄၆၄**

### ဖခင်အမည်မှန်

